# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

# Tourism National Guidelines

# For

# COVID-19 Safe Services

# (Beta Version – VII)

၂၀၂၀ ပြည့်နှစ် ၊ ဒီဇင်ဘာလ (        ) ရက်

## မာတိကာ


| | | | | စာမျက်နှာ |
|---|---|---|---|---|
| | | အကြောင်းအရာ | | စာမျက်နှာ |
| အခန်း(၁) | ပို့ဆောင်ဆက်သွယ်ရေးအခန်းကဏ္ဍ(Transportation Sector) | | | |
| | ၁။ | လေဆိပ်သို့ရောက်ရှိခြင်း | | ၁ |
| | | (က) | ကျန်းမာရေးစစ်ဆေးမှုခံယူခြင်း | ၁ |
| | | (ခ) | သက်ဆိုင်ရာကောင်တာများကို ဖြတ်သန်းခြင်း | ၁ |
| | | (ဂ) | ခရီးဆောင်ပစ္စည်းများ ရွေးချယ်ခြင်း | ၁ |
| | | (ဃ) | နားနေခန်းနှင့် သန့်စင်ခန်းများ အသုံးပြုခြင်း | ၂ |
| | ၂။ | လေဆိပ်မှထွက်ခွာခြင်း | | ၂ |
| | ၃။ | မြို့တွင်းလှည့်လည်သွားလာခြင်း | | ၂ |
| | ၄။ | နိုင်ငံအတွင်းခရီးသွားလာခြင်း | | ၂ |
| | ၅။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသော လေဆိပ်များတွင် လိုက်နာရန်အချက်များ | | ၃ |
| | | (က) | အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များ | ၃ |
| | | (ခ) | ပြည်တွင်းလေကြောင်းခရီးစဉ်များ | ၃ |
| | | (ဂ) | လေဆိပ်များ | ၃ |
| | ၆။ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသော မော်တော်ယာဉ်စီးနင်းခြင်းနှင့်ပတ်သက်သည့် လိုက်နာရန်အချက်များ | | ၄ |
| | | (က) | ခရီးသွားဧည့်သည်များ | ၄ |
| | | (ခ) | ယာဉ်ဝန်ထမ်းများ | ၅ |
| | | (ဂ) | Taxi ယာဉ်မောင်းများ | ၅ |
| | | (ဃ) | ယာဉ်ပိုင်ရှင်များ | ၆ |
| | | (င) | အဝေးပြေးယာဉ်ဂိတ်များ/ ယာဉ်ရပ်နားစခန်းများ | ၆ |

**အခန်း(၂)** **Sightseeing Flight များအတွက် ခရီးသည်များ၊ လေဆိပ်ဝန်ထမ်းနှင့် လေယာဉ်ဝန်ထမ်းများ လိုက်နာရမည့်အချက်များ**

၁။ လေယာဉ်စီးနင်းခြင်း ၈

(က) ခရီးသည်များ ၈

(ခ) လေယာဉ်ဝန်ထမ်းများ ၉

၂။ ခရီးဆောင်ပစ္စည်းများ ပြန်လည်ရွေးယူခြင်း ၁၂

၃။ နားနေခန်းနှင့် သန့်စင်ခန်းများ အသုံးပြုခြင်း ၁၂

၄။ လေဆိပ်မှထွက်ခွာခြင်း ၁၂

**အခန်း(၃)** **ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းဆိုင်ရာ အခန်းကဏ္ဍ(Accommodation Sector)**

၁။ ဟိုတယ်ကားရပ်နားရန်နေရာနှင့် ဧည့်ကြိုကောင်တာတွင် ဆောင်ရွက်ရမည့်အချက်များ ၁၄

၂။ ဟိုတယ်စားသောက်ခန်းမတွင် ဆောင်ရွက်ရမည့်အချက်များ ၁၅

၃။ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဌာနနှင့် ဟိုတယ်အိပ်ခန်းဆောင်များတွင် ဆောင်ရွက်ရမည့်အချက်များ ၁၅

၄။ ဟိုတယ်အတွင်းရှိ အဆောက်အဦများတွင် ဆောင်ရွက်ရမည့်အချက်များ ၁၆

၅။ ဟိုတယ်ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ရမည့်အချက်များ ၁၆

**အခန်း(၄)** **အစားအသောက်ဆိုင်ရာ အခန်းကဏ္ဍ(Food Sector)**

၁။ စားသောက်ဆိုင်ပိုင်ရှင်များနှင့် မန်နေဂျာများ လိုက်နာဆောင်ရွက်ရန်အချက်များ ၁၈

၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ ၁၉

၃။ စားဖိုဆောင်တွင် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ ၂၀

၄။ စားသုံးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ ၂၁

၅။ အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ ၂၁

**အခန်း(၅) ခရီးစဉ်ဒေသများဖြစ်သော ဘုရား၊ ပြတိုက်ကဲ့သို့နေရာများတွင် ကျင့်သုံးရမည့် Social Distancing စနစ်**

၁။ ဘုရား၊ ပြတိုက်ကဲ့သို့ နေရာများတွင် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ၂၃

၂။ ဧည့်သည်များ လိုက်နာရမည့် Social Distancing ဆိုင်ရာ စည်းကမ်းချက်များ ၂၄

**အခန်း(၆) ခရီးစဉ်ဒေသဆွဲဆောင်မှုများ၊ စီမံကိန်းများနှင့် စီမံခန့်ခွဲမှု**

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ဆောင်ရွက်ချက်များ ၂၆

၂။ ခရီးစဉ်ဒေသ စီမံကိန်းများနှင့် စီမံခန့်ခွဲမှု ၂၆

**အခန်း(၇) ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ ခရီးသွားဧည့်လမ်းညွှန်များနှင့် ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း လုပ်ကိုင်သူများ**

၁။ ခရီးသွားကိုယ်စားလှယ်လုပ်ငန်းများ/ ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း လုပ်ကိုင်သူများ ၂၈

(က) ကြိုတင်သိရှိအောင် ပြုလုပ်ခြင်းနှင့်ခရီးစဉ်(Travel Plan) ၂၈

(ခ) ခရီးသွားလာမှုစီမံခန့်ခွဲခြင်းအား တာဝန်ယူဆောင်ရွက်မှု ၂၈

(ဂ) COVID–19 ရောဂါသံသယရှိလူနာတွေ့ရှိမှုဖြစ်စဉ်အား ကိုင်တွယ်ဖြေရှင်းမှု ၂၉

၂။ ခရီးသွားဧည့်လမ်းညွှန်များ/ ဘာသာပြန်များ

(က) ခရီးသွားများ၏ စိတ်ဝင်စားမှုရှိသည့်နေရာများနှင့် ခရီးစဉ်အတွင်း ပါဝင်သည့်နေရာများတွင် ခရီးသွားလာမှု စီမံခန့်ခွဲခြင်းအား တာဝန်ယူဆောင်ရွက်မှု ၂၉

(ခ) ခရီးသည်များအား သင့်လျော်ပြီး ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေး စီမံထားရှိမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှု ၃၀

**အခန်း(၈) ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် သိရှိလိုက်နာဆောင်ရွက်ရမည့် ကာကွယ်ရေးနည်းလမ်းများ**

၁။ လက်ဆေးခြင်း ၃၁
၂။ နှာချေ၊ ချောင်းဆိုးရာတွင် လိုက်နာရမည့်အချက်များ ၃၁
၃။ တစ်ဦးနှင့်တစ်ဦးကြား အကွာအဝေး ၃၂
၄။ သန့်ရှင်းရေးပုံမှန်ပြုလုပ်ခြင်းနှင့် ပိုးသတ်သန့်စင်ခြင်း ၃၂
၅။ ဘေးအန္တရာယ်ဖြစ်နိုင်ချေနှင့်စပ်လျဉ်း၍ ပညာပေးခြင်း ၃၃
၆။ COVID-19 သံသယရှိသော သင်တန်းသားများအား စီမံခြင်း ၃၃

**အခန်း(၉) အစည်းအဝေးများနှင့် ဖျော်ဖြေရေးအခမ်းအနားများ ကျင်းပရာတွင် လိုက်နာရမည့် ညွှန်ကြားချက်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် လိုက်နာရမည့်ညွှန်ကြားချက်များ**

၁။ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အချက်များ ၃၅
၂။ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများလိုက်နာရန်အချက်များ ၃၅
၃။ ဧည့်သည်များလိုက်နာရန်အချက်များ ၃၆
၄။ အမှတ်တရပစ္စည်းအရောင်းဆိုင်များ လိုက်နာရမည့်ညွှန်ကြားချက်များ ၃၆

**အခန်း(၁၀) Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်** ၃၇

**အခန်း(၁၁) ပြည်ပခရီးသည်များ ပြန်လည်ထွက်ခွာခြင်း** ၃၈

**COVID Safe Services SOP & National Guidelines For Tourism Industry**

**(Beta Version)**

## အခန်း(၁)

## ပို့ဆောင်ဆက်သွယ်ရေးအခန်းကဏ္ဍ(Transportation Sector)

### ၁။ လေဆိပ်သို့ရောက်ရှိခြင်း

ခရီးသည်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို လိုက်နာရမည်။

#### (က) ကျန်းမာရေးစစ်ဆေးမှုခံယူခြင်း

(၁) ခရီးသည်နှင့်အတူပါရှိသော ခရီးဆောင်ပစ္စည်းများကို ပိုးသတ်ခြင်း၊

(၂) သက်ဆိုင်ရာနိုင်ငံ၏ ကျန်းမာရေးထောက်ခံချက်ကို ပြသခြင်း၊

(၃) ခရီးသည်အား ကိုယ်အပူချိန်တိုင်းခြင်း၊ ရောဂါလက္ခဏာများစစ်ဆေးခြင်း၊

(၄) ခရီးသည်များ၊ တာဝန်ရှိသူများအားလုံး တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၁) မီတာ/ (၃)ပေ အကွာတွင် နေထိုင်ခြင်း၊

(၅) ခရီးသည်များ၊ တာဝန်ရှိသူများအားလုံး ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ လက်သန့်ဆေးရည် (လက်ဆေးရည်) အသုံးပြုခြင်း၊

(၆) ကျန်းမာရေးအဖွဲ့၏ဆုံးဖြတ်ချက်အရ နှာခေါင်းတို့ပတ်/ အာခေါင်တို့ပတ်များ နမူနာရယူ၍ စစ်ဆေးမှုခံယူခြင်း၊

(၇) ကျန်းမာရေးအဖွဲ့၏ဆုံးဖြတ်ချက်အရ လိုက်နာရမည်ဖြစ်ပြီး လိုအပ်သလို ဆောင် ရွက်သည်များကို လက်ခံခြင်း၊

(၈) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖြန့်ဝေသည့် Covid-19 ဆိုင်ရာ အရေးပေါ်ဆောင်ရွက်မှုများနှင့် နောက်ဆုံးလမ်းညွှန်ချက်များကို လိုက်နာခြင်း၊

#### (ခ) သက်ဆိုင်ရာကောင်တာများကို ဖြတ်သန်းခြင်း

(၁) ခရီးသည်တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၁) မီတာ/ (၃) ပေ အကွာအဝေး ရှိစေရန် သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း စောင့်ဆိုင်းခြင်း၊

(၂) ခရီးသည်များ ပါးစပ်နှင့်နှာခေါင်းစည်းများကို အစဉ်အမြဲ တပ်ဆင်ထားခြင်း၊

#### (ဂ) ခရီးဆောင်ပစ္စည်းများ ရွေးချယ်ခြင်း

(က) ခရီးသည်များ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၁) မီတာ/ (၃)ပေအကွာမှ ပစ္စည်းများကို စောင့်ဆိုင်းရယူခြင်း၊

(ခ) ပိုးသတ်သန့်ရှင်းထားသော ပစ္စည်းတင်လှည်းများကိုသာ အသုံးပြုခြင်း၊

(ဂ) ပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ဆေးခြင်း၊

**(ဃ) နားနေခန်းနှင့် သန့်စင်ခန်းများ အသုံးပြုခြင်း**

(၁) ခရီးသည်များသည် နားနေခန်းအတွင်း အနည်းဆုံး (၁)မီတာ/ (၃)ပေ အကွာတွင် နေထိုင်ခြင်း၊

(၂) ဧည့်သည်များသည် ပိုးသတ်ထားသော မကြာခဏ ထိတွေ့နိုင်သည့်နေရာများ (ထိုင်ခုံ၊ တံခါးလက်ကိုင်၊ ရေပိုက်ခေါင်း) စသည်တို့ကို သတိပြုကိုင်တွယ်ခြင်း၊

## ၂။ လေဆိပ်မှထွက်ခွာခြင်း

(က) ခရီးသွားလုပ်ငန်းများနှင့် ဆက်သွယ်ထားသော ခရီးသည်များသည် သက်ဆိုင်ရာ ခရီးသွားကုမ္ပဏီမှ စီစဉ်ပေးထားသောယာဉ်ကို အသုံးပြုခြင်း၊

( ခ ) အငှားယာဉ်ကိုအသုံးပြု၍သွားလိုသော ခရီးသည်များအနေဖြင့် တရားဝင်မှတ်ပုံတင်ထားသော ယာဉ်များကိုသာ ရွေးချယ်အသုံးပြုခြင်း၊

( ဂ ) Shuttle Bus များအသုံးပြုခြင်း၊

(ဃ) ပုဂ္ဂလိက အစီအစဉ်ဖြင့် ကြိုတင်စီစဉ်ထားသော ယာဉ်များကို အသုံးပြုခြင်း၊

## ၃။ မြို့တွင်းလှည့်လည်သွားလာခြင်း

(က) ခရီးသွားလုပ်ငန်းများနှင့် ဆက်သွယ်ထားသောခရီးသည်များသည် သက်ဆိုင်ရာခရီးသွားကုမ္ပဏီမှ စီစဉ်ပေးထားသော ယာဉ်ကို အသုံးပြုခြင်း၊

( ခ ) ပုဂ္ဂလိက အစီအစဉ်ဖြင့် ကြိုတင်စီစဉ်ထားသော ယာဉ်များကိုအသုံးပြုခြင်း၊

( ဂ ) အငှားယာဉ်ကိုအသုံးပြု၍ သွားလိုသော ခရီးသည်များအနေဖြင့် တရားဝင်မှတ်ပုံတင်ထားသောယာဉ်များကိုသာ ရွေးချယ်အသုံးပြုခြင်း၊

(ဃ) မြို့တွင်းခရီးသည်စီးမော်တော်ယာဉ် (Bus) များကို အသုံးပြုခြင်း၊

( င ) မြို့ပတ်မီးရထားကို အသုံးပြုခြင်း၊

## ၄။ နိုင်ငံအတွင်းခရီးသွားလာခြင်း

(က) ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များကိုအသုံးပြုခြင်း၊

( ခ ) ခရီးသွားလုပ်ငန်းများနှင့် ဆက်သွယ်ထားသောခရီးသည်များသည် သက်ဆိုင်ရာခရီးသွားကုမ္ပဏီမှ စီစဉ်ပေးထားသော ယာဉ်ကို အသုံးပြုခြင်း၊

( ဂ ) ပုဂ္ဂလိကအစီအစဉ်ဖြင့် ကြိုတင်စီစဉ်ထားသော ယာဉ်များကိုအသုံးပြုခြင်း၊

(ဃ) အဝေးပြေးမော်တော်ယာဉ်များကို အသုံးပြုခြင်း၊

၅။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားထားသော လေဆိပ်များတွင် လိုက်နာရန် အချက်များ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ၊ ပြည်တွင်းလေကြောင်းခရီးစဉ်များနှင့် လေဆိပ်များတွင် လိုက်နာဆောင်ရွက်ရန်အတွက် အောက်ပါ အချက်များကို ညွှန်ကြားထားပါသည် -

**(က) အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ**

(၁) လေယာဉ်ခရီးစဉ်ပြီးဆုံး၍ ညအိပ်ရပ်နားချိန်တွင် ပိုးမွှားသန့်စင်ခြင်း လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရန်၊

(၂) လေယာဉ်ပေါ်တွင် ခရီးသည်များကို ကျန်းမာရေးနှင့်သက်ဆိုင်သည့် သတ်မှတ်ပုံစံများအား ဖြည့်စွက်တင်ပြစေပြီး လေယာဉ်ဆိုက်ရောက်စဉ် အတွင်းမှာပင် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရန်၊

(၃) လေယာဉ်ခရီးစဉ်အတွင်း၌ဖြစ်စေ၊ခရီးစဉ်အဆုံးတွင်ဖြစ်စေ၊ သံသယရှိခရီးသည်ကိုတွေ့ရှိပါက ဖော်ထုတ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၄) ရောဂါဖြစ်ပွားနေသောဒေသမှ ပျံသန်းလာသည့်လေယာဉ်များသည် ဆိုက်ရောက်မှုပြုသည်နှင့် ခရီးသည်များအား လိုအပ်သည့်ကျန်းမာရေး စစ်ဆေးမှုများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

**(ခ) ပြည်တွင်းလေကြောင်းခရီးစဉ်များ**

(၁) လေယာဉ်ခရီးစဉ်ပြီးဆုံး၍ ညအိပ်ရပ်နားချိန်တွင် ပိုးမွှားသန့်စင်ခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရန်၊

(၂) လေယာဉ်ခရီးစဉ်အတွင်း၌ဖြစ်စေ၊ ခရီးစဉ်အဆုံးတွင်ဖြစ်စေ သံသယရှိခရီးသည်ကို တွေ့ရှိပါက ဖော်ထုတ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

**(ဂ) လေဆိပ်များ**

(၁) လေဆိပ်များတွင် ပုံမှန်သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးလုံခြုံမှုရှိစေသော အစီအစဉ်များ၊ ပိုးသတ်ဆေးဖြန်းခြင်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) လေဆိပ်ရှိ ခရီးသည်ထွက်ခွာရာနေရာများ၊ နားနေရန်နေရာများနှင့် ဧည့်သည်များနှင့် သက်ဆိုင်ရာနေရာများတွင် ရောဂါပိုးပျံ့နှံ့မှုမရှိစေရန် ကြိုတင်ကာကွယ်သည့် ကျန်းမာရေးလုံခြုံမှုရရှိစေသည့် သန့်ရှင်းရေးလုပ်ဆောင်ချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) လေဆိပ်အတွင်းရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ၊ ရောဂါလက္ခဏာရှိသူ ရောဂါဖြစ်ပွားသူတစ်ဦးဦးကိုတွေ့ရှိပါက ကျန်းမာရေးလုံခြုံမှုရရှိစေသည့် ပိုးသတ်ခြင်းစသည့် ရောဂါကာကွယ်ရေးနှင့်သန့်ရှင်းမှုလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

## ၆။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသော မော်တော်ယာဉ်စီးနင်းခြင်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မော်တော်ယာဉ်စီးနင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာရန် ညွှန်ကြားထားပါသည်-

### (က) ခရီးသွားဧည့်သည်များ

(၁) ဝန်ထမ်းအများစု အလုပ် တက်/ဆင်း အများဆုံးပြုလုပ်သည့် အချိန်ဖြစ်သော မနက်အစောပိုင်း (နံနက် ၈ နာရီ မှ ၁၀ နာရီအကြား)နှင့် ညနေပိုင်း (ညနေ ၄ နာရီ မှ ၆ နာရီ ကြား) အချိန်ကို တတ်နိုင်သမျှရှောင်၍ သွားလာသင့်ပါသည်။

(၂) ကားမှတ်တိုင်တွင် စောင့်ဆိုင်းသည့်အချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေခန့်ခွာ၍ စောင့်ဆိုင်းပြီး၊ တတ်နိုင်သမျှ စုပြုံစောင့်ဆိုင်းခြင်းမပြုရပါ။

(၃) ယာဉ်ပေါ်သို့မတက်မီနှင့်ယာဉ်ပေါ်မှဆင်းသည့်အချိန်တိုင်းတွင် လက်ဆေးနိုင်ရန် အနည်းဆုံး Alcohol 60% ပါဝင်သော လက်သန့်ဆေးရည်ကို မိမိနှင့်အတူ တစ်ပါတည်း ဆောင်ထားသင့်ပါသည်။

(၄) မိမိတို့စွန့်ပစ်မည့် အမှိုက်များ (ဥပမာ - တစ်ရှူးများ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)များ၊ ရေသန့်ဘူးခွံများ)ကို ကားပေါ်တွင်စွန့်ပစ်ခြင်း၊ ချန်ထားခဲ့ခြင်းများ မပြုလုပ်ဘဲ မိမိတို့နှင့်အတူယူဆောင်သွားပြီး အဖုံးပါသောအမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ရပါမည်။

(၅) ထိုင်ခုံများသည် ရှေ့နောက်ဖြစ်လျှင် ရှေ့ နောက် တစ်တန်းတည်း မထိုင်ရပါ။ ဥပမာ - ရှေ့ခုံတွင် ထိုင်သူသည် ထိုင်ခုံ၏ ညာအစွန်တွင် ထိုင်လျှင် နောက်ခုံတွင် ထိုင်သူသည် ထိုင်ခုံ၏ ဘယ်အစွန်၌ ထိုင်ရပါမည်။

(၆) ရထားနှင့် ကားပေါ်ရှိ ထိုင်ခုံများသည် မျက်နှာချင်းဆိုင်(၂)ယောက် ထိုင်ခုံများ ဖြစ်ပါက (၂)ယောက် မထိုင်ဘဲ တစ်ယောက်ချင်းစီသာ ညာအစွန်တွင်ကပ်၍ ထိုင်ပါ (သို့) ထိုင်ခုံ၏ ဘယ်အစွန်၊ ညာအစွန်တွင် ကပ်၍ထိုင်ပါ။ မျက်နှာချင်းဆိုင် အများထိုင်ခုံတန်းရှည်များဖြစ်ပါက ပူးကပ်၍မထိုင်ပဲ တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာထိုင်ရန်နှင့် တစ်ဖက်ခုံတန်းတွင် ထိုင်သူနှင့် မျက်နှာချင်းဆိုင် တည့်တည့်မဖြစ်စေရန် ဂရုပြုရပါမည်။

**(ခ) ယာဉ်ဝန်ထမ်းများ**

(၁) လေဝင်လေထွက် ကောင်းမွန်စေရန်အတွက် ကားပြတင်းပေါက်များ တတ်နိုင်သမျှ ဖွင့်၍ မောင်းနှင်သင့်ပါသည်။

(၂) ခရီးသည်များအား ဘယ်အစွန်၊ ညာအစွန် တစ်လှည့်စီ (zig –zag) တတ်နိုင်သမျှ ခပ်ခွာခွာထိုင်စေရန်အတွက် ယာဉ်ပေါ်ရှိ ထိုင်ခုံများတွင် အမှတ်အသားများထား ရှိ၍ စနစ်တကျထိုင်ရန် ကြီးကြပ်ပေးရပါမည်။

(၃) ခရီးသည်များအား ယာဉ်ပေါ်သို့မတက်ရောက်မီ လက်ဆေးရန်၊ ယာဉ်ပေါ်မှ ဆင်းလျှင် လက်ဆေးရန်နှင့် ခရီးစဉ်တစ်လျှောက် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ရေးကို ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်ခြင်း ပြုလုပ်ရမည်။

(၄) ခရီးစဉ်တစ်လျှောက်တွင် ကျန်းမာရေးအသိပညာပေး အချက်အလက်များကို ရုပ်သံဖြင့် ပြသခြင်း (သို့) အသံဖိုင်ဖြင့် ပြောကြားခြင်းများ ပြုလုပ်ရပါမည်။

**(ဂ) Taxi ယာဉ်မောင်းများ**

(၁) လေဝင်/လေထွက် ကောင်းမွန်စေရန်အတွက် ကားပြတင်းပေါက်များ တတ်နိုင်သမျှဖွင့်၍ မောင်းနှင်သင့်ပါသည်။

(၂) Taxi ယာဉ်၏ ရှေ့ထိုင်ခုံနှင့် နောက်ထိုင်ခုံတို့ကြားတွင် မှန်ဖြင့်သော်လည်းကောင်း ပလတ်စတစ်ဖြစ်သော်လည်းကောင်း လုံခြုံစွာအကာအရံ ပြုလုပ်ထားရပါမည်။

(၃) ခရီးသွားပြည်သူများအား ယာဉ်၏နောက်ထိုင်ခုံတွင်သာ ထိုင်စေ၍ ခရီးပို့ဆောင်ပေးရပါမည်။

(၄) ခရီးသွားပြည်သူနှင့် ထိတွေ့မှုနှင့် ငွေလက်ခံကိုင်တွယ်ရမှု လျော့နည်းစေရန် အတွက် Online booking နှင့် online payment တို့ကို တတ်နိုင်သမျှ အသုံးပြုပါ။

**(ဃ) ယာဉ်ပိုင်ရှင်များ**

(၁) ယာဉ်ဝန်ထမ်းများအား ပါးစပ်နှင့်နှာခေါင်းစည်း(Mask) နှင့် အနည်းဆုံး Alcohol 60% ပါဝင်သော လက်သန့်စင်ဆေးရည်တို့ကို အလုံအလောက် ထောက်ပံ့ပေးရ ပါမည်။

(၂) Physical Distancing တတ်နိုင်သမျှ ရရှိစေရန်အတွက် ပို့ဆောင်နိုင်သော ခရီးသည်အရေအတွက်၏ တစ်ဝက်ကိုသာ တင်ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ရပါမည်။

(၃) ဘယ်အစွန်၊ ညာအစွန် တစ်လှည့်စီ (zig zag) ခပ်ခွာခွာထိုင်စေရန်အတွက် ယာဉ်ပေါ်ရှိထိုင်ခုံများတွင် အမှတ်အသားများ ပြုလုပ်ထားရပါမည်။

(၄) ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်ဆင်မထားသော ခရီးသည်များအား လုံးဝ တင်ဆောင်ခြင်းမပြုရန် ညွှန်ကြားထားရပါမည်။

(၅) ခရီးသည်များလက်ဆေးနိုင်ရန် ဝင်ပေါက်/ ထွက်ပေါက်များတွင် အနည်းဆုံး Alcohol 60% ပါဝင်သော လက်သန့်ဆေးရည်များ အလုံအလောက်ထားရှိပေးရပါမည်။

(၆) ယာဉ်မောင်း မောင်းနှင်သည့်နေရာနှင့် ခရီးသွားပြည်သူများ စီးနင်းသည့်နေရာကြားတွင် မှန်ဖြင့်သော်လည်းကောင်း၊ ပလတ်စတစ်ဖြင့်သော်လည်းကောင်း အကာအရံလုံခြုံစွာ ပြုလုပ်ထားရပါမည်။

(၇) ခရီးစဉ်တစ်လျှောက်တွင် ကျန်းမာရေးအသိပညာပေး အချက်အလက်များကို ရုပ်သံဖြင့်ပြသခြင်း (သို့) အသံဖိုင်ဖြင့်ပြောကြားခြင်းများ ပြုလုပ်နိုင်ရန်အတွက် စီစဉ်ပေးရပါမည်။

**(င) အဝေးပြေးယာဉ်ဂိတ်များ/ ယာဉ်ရပ်နားစခန်းများ**

(၁) လက်ဆေးရန်အတွက် လက်ဆေးကန်၊ ရေ၊ ဆပ်ပြာ (သို့) အနည်းဆုံး Alcohol 60% ပါဝင်သော လက်သန့်စင်ဆေးရည်များကို ခရီးသည်များနှင့် ဝန်ထမ်းများ အလုံအလောက် အသုံးပြုနိုင်ရန် ထားရှိပေးရပါမည်။

(၂) ယာဉ်မထွက်ခွာမီ စောင့်ဆိုင်းနေသောခရီးသည်များအား Physical Distancing တတ်နိုင်သမျှ (၆)ပေအကွာရရှိစေရန် ထိုင်ခုံများအား အမှတ်အသားများ ပြုလုပ် ထားရပါမည်။

(၃) ကားပေါ်သို့ ခရီးသည် မတင်မီအချိန်တွင် non –contact thermal scanner အား အသုံးပြု၍ ကိုယ်အပူချိန်တိုင်းခြင်း ပြုလုပ်ရပါမည်။ အပူချိန် ၃၈˚C/ ၁၀၀.၄˚F နှင့်အထက်ဖြစ်ပါက အဆိုပါခရီးသည်အား တင်ဆောင်ခြင်းမပြုရန်နှင့်

စစ်ဆေးတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်ပြီး ဆေးကုသမှု ခံယူနိုင်ရန် စီစဉ်ထားရပါမည်။ ၃၈˚C/ ၁၀၀.၄˚F နှင့်အထက်ဖြစ်နေပါက တင်ဆောင်ခြင်း မပြုသည်ကိုလည်း ထင်သာမြင်သာသော နေရာများတွင် အသိပေးပိုစတာများ ချိတ်ဆွဲထားရပါမည်။

(၄) နှာခေါင်းစည်း တပ်ဆင်မထားသော ခရီးသည်များ ယာဉ်ပေါ်သို့ တက်ခွင့်၊ စီးနင်းခွင့် လုံးဝမပြုရပါ (သို့) ခရီးသည်ကို နှာခေါင်းစည်းရရှိနိုင်ရန် စီစဉ်ပေးရပါမည်။

(၅) ခရီးသည်တိုင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေထိုင်သည့် နေရပ်လိပ်စာနှင့်သွားရောက်မည့် နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ခုံနံပါတ်နှင့်ယှဉ်တွဲ၍ မှတ်တမ်းထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ လိုအပ်လာလျှင် ပေးအပ်ရပါမည်။

## အခန်း(၂)

## Sightseeing Flight များအတွက် ခရီးသည်များ၊ လေဆိပ်ဝန်ထမ်းနှင့် လေယာဉ်ဝန်ထမ်းများ လိုက်နာရမည့်အချက်များ

ခရီးသည်များ၊ လေဆိပ်ဝန်ထမ်းနှင့် လေယာဉ်ဝန်ထမ်းများသည် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၇-၁၂-၂၀၂၀) ရက်စွဲပါစာအမှတ် ၊ ပဆ-၂/မလ(COVID-19)(၁၂/၆၂)အရ ထုတ်ပြန်ထားသော ပြည်တွင်းပုံမှန်လေကြောင်း ခရီးစဉ်များ ပြန်လည်ပြေးဆွဲသည့်အခါ လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် ခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်များ (Standard Operating Procedure -SOP) ကို လိုက်နာသွားရမည်ဖြစ်ပါသည်။

### ၁။ လေယာဉ်စီးနင်းခြင်း

#### (က) ခရီးသည်များ

(၁) ခရီးသည်များအနေဖြင့် COVID-19 သံသယဖြစ်ဖွယ်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းအစရှိသည့် ရောဂါလက္ခဏာများ အလုံးစုံ ကင်းစင်မှသာ သတ်မှတ်ခရီးစဉ်တွင်လိုက်ပါရန်၊ ခရီးစဉ်မစတင်မီ (လေယာဉ် ခရီးစဉ် လိုက်ပါမည့်လက်မှတ်ပြသ၍) COVID-19 ရောဂါကင်းရှင်းကြောင်း ဓါတ်ခွဲစမ်းသပ်ချက်အား Rapid Antigen Diagnostic Test Kit ဖြင့် ကြိုတင်စစ်ဆေးရယူရန်နှင့် အဆိုပါဓါတ်ခွဲစမ်းသပ်ချက်နှင့်သက်ဆိုင်ရာဒေသတွင် နေထိုင်ကြောင်း ထောက်ခံစာအား Check In ဝင်ချိန်တွင် လေကြောင်းလိုင်း တာဝန်ရှိသူထံသို့တင်ပြရန်။

(၂) လေယာဉ်ခရီးစဉ်မထွက်ခွာမီ ဖြည့်စွက်ရမည့် ကိုယ်ရေးအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရန်။

(၃) လေယာဉ်ခရီးစဉ်တစ်လျှောက်လုံး ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း (Surgical Mask), မျက်နှာကာ (Face Shield) တို့အား သေချာစွာ ဝတ်ဆင်ထားရှိရန်နှင့် လေယာဉ် မောင်/မယ်တို့၏ ညွှန်ကြားချက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရန်။

(၄) လေယာဉ်ခရီးစဉ်တစ်လျှောက်လုံး သတ်မှတ်ထားသော ခုံအမှတ်တွင်သာ လိုက်ပါစီးနင်းရန်။

(၅) လေယာဉ်ခရီးစဉ်အတွင်း နေမကောင်းဖြစ်ပါက လေယာဉ်မောင်/မယ်တို့အား မဖြစ်မနေ ချက်ချင်း သတင်းပေးပို့ရန်နှင့် လေယာဉ်မောင်/မယ်တို့၏ ညွှန်ကြားချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်။

(၆) ကျန်းမာရေးဆိုင်ရာ ကြေငြာချက်စာရွက်အား မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာကျန်းမာရေးတာဝန်ရှိသူများသို့ မပျက်မကွက် ပေးအပ်ရန်။

**(ခ) လေယာဉ်ဝန်ထမ်းများ**

(၁) ပုံမှန်ပြည်တွင်းလေကြောင်းခရီးစဉ်များ မစတင်မီ ခရီးသည်များနှင့် အနီးကပ် ထိတွေ့အလုပ်လုပ်ကိုင်မည့် လေကြောင်းလိုင်းဝန်ထမ်းများ၊ မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများမှ ဝန်ထမ်းများ၊ လေဆိပ်ဌာနဆိုင်ရာ ဝန်ထမ်းများအား ခရီးသည် များနှင့် ထိတွေ့မှုအတိုင်းအတာပေါ်မူတည်၍ Rapid Antigen Test(သို့မဟုတ်) RT–PCR ဖြင့် စစ်ဆေးပြီး Negative ဖြစ်သူများကိုသာ တာဝန်ပေးအပ်ရန်။

(၂) လေကြောင်းလိုင်းနှင့် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ထမ်းများအားလုံး သတ်မှတ်ထားသော ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း (Surgical Mask), မျက်နှာကာ (Face Shield) အပြည့်အစုံ ဝတ်ဆင်ရန်နှင့် လက်သန့်ရှင်းရေး လုပ်ငန်းစဉ်များအား စနစ်တကျ လုပ်ဆောင်ရန်။

(၃) လေယာဉ်ခရီးစဉ်မစတင်မီ Check–in ဝင်သည်နှင့် လိုက်ပါသည့် ခရီးသည် များအား ကိုယ်အပူချိန် စစ်ဆေးရန်နှင့် (၃၆) နာရီအတွင်းစစ်ဆေးထားသော COVID–19 ရောဂါကင်းရှင်းကြောင်း ဓါတ်ခွဲစမ်းသပ်ချက်အား စစ်ဆေးရန်။

(၄) ကိုယ်အပူချိန် 38˚C (သို့မဟုတ်) 100.4˚Fနှင့် အထက်မြင့်တက်နေသူများနှင့် (၃၆) နာရီအတွင်း COVID–19 ရောဂါကင်းရှင်းကြောင်း RDT ဖြင့် စမ်းသပ်ချက်မပါရှိသူ များအား လေယာဉ်ခရီးစဉ်တွင် လိုက်ပါခွင့်မပြုရန်၊ (အဖျားတိုင်းတာရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID–19 Infrared (Non–touch) အပူချိန်တိုင်းကိရိယာကို အသုံးပြု၍ အပူချိန်တိုင်းတာခြင်းလုပ်ငန်း လမ်းညွှန် (၄–၅–၂၀၂၀) အတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ရန်)။

(၅) ခရီးသည်များအား လေယာဉ်ပေါ်တွင် နေရာချထားရာ၌ အတတ်နိုင်ဆုံး စနစ်တကျ နေရာချထားရန်။

(၆) ခရီးသည်များတန်းစီနေချိန်နှင့် Boarding စောင့်ဆိုင်းချိန်များ၌ ခရီးသည်များအား (၆) ပေအကွာဖြင့် Physical Distancing ရရှိစေရေးဆောင်ရွက် ရန်။

(၇) လုပ်ငန်းစဉ်တစ်လျှောက် ခရီးသည်တစ်ဦးဦးထံတွင် COVID–19 သံသယ ဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း အစရှိသည့် အခြေအနေများရှိပါက လေဆိပ်ကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပို့ရန်။

(၈) လေယာဉ်ခရီးစဉ်တစ်ခုပြီးဆုံးတိုင်း လေယာဉ် Disinfection လုပ်ငန်းများအား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ (၁၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) နှင့် (၂၅-၈-၂၀၂၀) ရက်နေ့တွင်ထုတ်ပြန်သည့် ညွှန်ကြားချက် (LNN/1801/LLY/2020/6006) သတ်မှတ်ချက်များ အတိုင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ လေဆိပ် ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာကျန်းမာရေးအာဏာပိုင်တို့မှ Disinfection လုပ်ငန်းစဉ်များအား ထပ်ဆောင်းဆောင်ရွက်ရန် လိုအပ်သည်ဟု သတ်မှတ်ပါက သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၉) လေကြောင်းလိုင်းနှင့်မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများမှ ဝန်ထမ်းများ၊ လေဆိပ် ဌာနဆိုင်ရာဝန်ထမ်းများ လုပ်ငန်းခွင်နှင့် မိမိနေအိမ်တွင် နေထိုင်စဉ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ (၂၆-၆-၂၀၂၀)ရက်စွဲပါ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများနှင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၀) ပုံမှန်ပြည်တွင်းလေကြောင်းခရီးစဉ်များ မစတင်မီ ခရီးသည်များနှင့် အနီးကပ် ထိတွေ့ အလုပ်လုပ်ကိုင်မည့် လေယာဉ်မှူးနှင့် လေယာဉ်မောင်/မယ်များအား RT-PCR ဖြင့် စစ်ဆေးပြီး Negative ဖြစ်သူများကိုသာ တာဝန်ပေးအပ်ရန်။

(၁၁) လေယာဉ်မှူးများနှင့် လေယာဉ်အမှုထမ်းများအားလုံး ခရီးစဉ်မစတင်မီ အပူချိန် တိုင်းတာသည့်လုပ်ငန်းများအား သက်ဆိုင်ရာလေကြောင်းလိုင်းမှ တာဝန်ယူ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 Infrared(Non-touch)အပူချိန်တိုင်းကိရိယာကိုအသုံးပြု၍ အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန် (၄-၅-၂၀၂၀)အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် COVID-19 သံသယဖြစ်ဖွယ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း အစရှိသည့် ရောဂါလက္ခဏာများ အလုံးစုံကင်းစင် မှသာ သတ်မှတ်ခရီးစဉ်တွင် လိုက်ပါတာဝန်ထမ်းဆောင်စေရန်။

(၁၂) ခရီးစဉ်မစတင်မီ လေယာဉ်မှူးများနှင့်လေယာဉ်အမှုထမ်းများအားလုံး သတ်မှတ် ထားသော Level 2 PPE နှင့် သတ်မှတ် PPE အသုံးပြုနေစဉ် ကာလ တစ်လျှောက်လုံး PPE Usage Failure များမဖြစ်စေရန် ဝတ်ဆင်သူ ကိုယ်တိုင်နှင့် လေယာဉ်အမှုထမ်းအချင်းချင်း စဉ်ဆက်မပြတ် ဆန်းစစ်ရန် ၊ PPE Usage Failure ဖြစ်ပေါ်ခဲ့ပါက ချက်ချင်း ပြင်ဆင်ဆောင်ရွက်ရန်နှင့် ခရီးစဉ်ပြီးတိုင်း Coverall/Apron နှင့် Glove အား လဲလှယ်ရန်။

(၁၃) ခရီးစဉ်တစ်လျှောက် လေယာဉ်မှူးများအနေဖြင့် အတတ်နိုင်ဆုံး လေယာဉ်ထိန်းချုပ်ခန်းအတွင်းတွင်သာ တာဝန်ထမ်းဆောင်ရန်။

(၁၄) လေယာဉ်မောင်/မယ်များ ခရီးသည်များနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေ၍ တာဝန်များဆောင်ရွက်နိုင်စေရန် လေယာဉ်၏ရှေ့ဆုံးခုံနှစ်တန်းနှင့် နောက်ဆုံးခုံနှစ်တန်းတို့တွင် ခရီးသည်တင်ဆောင်ခြင်း မပြုရန်။

(၁၅) လေယာဉ်ခရီးစဉ်အတွင်း လေယာဉ်မောင်/မယ်များအနေဖြင့် လေယာဉ်၏ရှေ့ဆုံး နှင့် နောက်ဆုံးနေရာလွတ်ထားရှိထားသော ဇရိယာအတွင်းတွင်သာ ခရီးသည်များ နှင့် တိုက်ရိုက်ထိတွေ့ခြင်းအား တတ်နိုင်သလောက် ရှောင်ရှား၍ တာဝန်ထမ်း ဆောင်ရန်၊ အရေးပေါ်ကိစ္စနှင့် ခရီးသည်တစ်ဦးဦး တစ်စုံတစ်ရာ နေထိုင်မကောင်းခြင်း ဖြစ်ပေါ်လာမှသာ အဆိုပါခရီးသည်အတွက် လိုအပ်သော အကူအညီများပေးရန်။

(၁၆) လေယာဉ်ခရီးစဉ်တစ်လျှောက် လေယာဉ်မောင်မယ်များမှ ခရီးသည်အားလုံးအား ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း (Surgical Mask), မျက်နှာကာ (Face Shield) တို့အား သေချာစွာဝတ်ဆင်ထားရှိရန် COVID-19 ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များအား အသိပေးကြေညာရန်နှင့် လိုက်နာခြင်းမရှိသောခရီးသည်များအား လေယာဉ်၏ PA System မှတစ်ဆင့်သတိပေးရန်။

(၁၇) လေယာဉ်ခရီးစဉ်အတွင်း မဖြစ်မနေလိုအပ်သော အခြေအနေမှလွဲ၍ အစားအသောက်၊ အဖျော်ယမကာနှင့် ရေ စသည်တို့အား ကျွေးမွေးခြင်း မပြုလုပ်ရန်။

(၁၈) လေယာဉ်ခရီးစဉ်အတွင်း ခရီးသည်တစ်ဦးဦးထံတွင် COVID-19 သံသယရောဂါလက္ခဏာများတွေ့ရှိပါက အဆိုပါခရီးသည်အား လေယာဉ်ပေါ်ရှိ ကြိုတင်သတ်မှတ်ထားသော သီးခြားနေရာတွင် ခွဲ၍ထားရှိကာ ပြန်လည်ဆိုက်ရောက်မည့်လေဆိပ်ရှိ လေဆိပ်ကျန်းမာရေးဌာန (သို့မဟုတ်) ကျန်းမာရေးအာဏာပိုင်သို့ သတင်းပေးပို့၍ ကျန်းမာရေးဌာနမှ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(၁၉) လေယာဉ်ခရီးစဉ်ပြီးဆုံးပါက ဝတ်ဆင်ထားသော Personal Protective Equipment (PPE) များအား သတ်မှတ်ထားသော နေရာတွင်သာ စနစ်တကျချွတ်ရန်နှင့် စနစ်တကျ စွန့်ပစ်ရန်။

(၂၀) လေယာဉ်ခရီးစဉ်တစ်ခုပြီးဆုံးတိုင်း လေယာဉ် Disinfection လုပ်ငန်းများအား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ (၁၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်သည့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) နှင့် (၂၅-၈-၂၀၂၀) ရက်နေ့တွင်ထုတ်ပြန်သည့်ညွှန်ကြားချက်(LNN/1801/LLY/2020/6006)သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ လေဆိပ်ကျန်းမာရေး

အာဏာပိုင်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာကျန်းမာရေးအာဏာပိုင်တို့မှ Disinfection လုပ်ငန်းစဉ်များအား ထပ်ဆောင်းဆောင်ရွက်ရန် လိုအပ်သည်ဟုသတ်မှတ်ပါက သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၂၁) လေယာဉ်မှူးများနှင့် လေယာဉ်မောင်/ မယ်များအနေဖြင့် ခရီးစဉ်ပြီးဆုံးပါက ကျန်းမာရေးဆိုင်ရာ ကြေငြာချက်စာရွက်အား မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်ဆိုင်ရာကျန်းမာရေးတာဝန်ရှိသူများသို့ မပျက်မကွက် ပေးအပ်ရန်။

(၂၂) လေယာဉ်မှူးနှင့် လေယာဉ်မောင်/မယ်များအနေဖြင့် လုပ်ငန်းခွင်နှင့် မိမိနေအိမ်တွင် နေထိုင်စဉ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏(၂၆-၆-၂၀၂၀) ရက်စွဲပါ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၂၃) လေကြောင်းခရီးစဉ်များတွင် လိုက်ပါတာဝန်ထမ်းဆောင်ကြသော လေယာဉ်မှူးများနှင့် လေယာဉ် မောင်/မယ်များ တစ်စုံတစ်ရာ နေထိုင်မကောင်း ဖြစ်ပေါ်လာပါက လေဆိပ်ကျန်းမာရေးဌာန (သို့မဟုတ်) သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနများသို့ ချက်ချင်း သတင်းပို့ရန်။

## ၂။ ခရီးဆောင်ပစ္စည်းများ ပြန်လည်ရွေးယူခြင်း

(က) ခရီးသည်များ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၁) မီတာ/ (၃)ပေအကွာမှ ပစ္စည်းများကို စောင့်ဆိုင်းရယူခြင်း၊

(ခ) ပိုးသတ်သန့်ရှင်းထားသော ပစ္စည်းတင်လှည်းများကိုသာ အသုံးပြုခြင်း၊

(ဂ) ပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ဆေးခြင်း။

## ၃။ နားနေခန်းနှင့် သန့်စင်ခန်းများ အသုံးပြုခြင်း

(က) ခရီးသည်များသည် နားနေခန်းအတွင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၁)မီတာ/ (၃)ပေ အကွာတွင် နေထိုင်ခြင်း၊

(ခ) ခရီးသည်များသည် နားနေခန်းနှင့် သန့်စင်ခန်းအတွင်း ပိုးသတ်ထားသော မကြာခဏ ထိတွေ့နိုင်သည့်နေရာများ (ထိုင်ခုံ၊ ဘိုထိုင်အိမ်သာ၊ တံခါးလက်ကိုင်၊ ရေပိုက်ခေါင်း) စသည် တို့ကို သတိပြုကိုင်တွယ်ခြင်း၊ အသုံးပြုပြီးပါက လက်ဆေးခြင်း။

## ၄။ လေဆိပ်မှထွက်ခွာခြင်း

(က) ခရီးသွားလုပ်ငန်းများနှင့် ဆက်သွယ်ထားသော ခရီးသည်များသည် သက်ဆိုင်ရာ ခရီးသွား ကုမ္ပဏီမှ စီစဉ်ပေးထားသောယာဉ်ကို အသုံးပြုခြင်း၊

(ခ) အငှားယာဉ်ကိုအသုံးပြု၍ သွားလိုသော ခရီးသည်များအနေဖြင့် တရားဝင်မှတ်ပုံတင်ထားသော ယာဉ်များကိုသာ ရွေးချယ်အသုံးပြုခြင်း၊

(ဂ) Shuttle Bus များအသုံးပြုခြင်း၊

(ဃ) ပုဂ္ဂလိက အစီအစဉ်ဖြင့် ကြိုတင်စီစဉ်ထားသော ယာဉ်များကို အသုံးပြုခြင်း။

## အခန်း(၃)

## ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းဆိုင်ရာ အခန်းကဏ္ဍ(Accommodation Sector)

### ၁။ ဟိုတယ်ကားရပ်နားရန်နေရာနှင့် ဧည့်ကြိုကောင်တာတွင်ဆောင်ရွက်ရမည့်အချက်များ

(က) ဟိုတယ်သို့ လာရောက်သည့်ကားများ၏နံပါတ်များကို စနစ်တကျ မှတ်တမ်းတင်ထားရန်နှင့်ငင်းကားများအား ပိုးသတ်သန့်စင်ဆေးရည် 0.1% Sodium Hypochloride Solution (1,000ppm) ဆေးဖြန်းထားပေးရမည်။

(ခ) ကားရပ်နားရာမှ Reception ကောင်တာသို့မသွားမီ ဧည့်သည်၏ အိတ်များအား ပိုးသတ်ဆေးဖြန်းထားပေးရမည်။

(ဂ) ဟိုတယ်၏မော်တော်ကားရပ်နားရာ ဆင်ဝင် (သို့) ပေါ်တီကိုရှေ့တွင် ကိုယ်အပူချိန်တိုင်းတာသော ဝန်ထမ်းနှင့်စက်ထားရှိပေးရမည်။ လက်ဆေးဇလုံ(besin) ၊ရေ၊ ဆပ်ပြာ (သို့မဟုတ်) Hand gel များ ထားရှိပေးရမည်။

(ဃ) ဟိုတယ်သို့ရောက်ရှိလာသော ဧည့်သည်အားလုံးကို ဆင်ဝင်တွင် ကိုယ်အပူချိန်တိုင်းစက်ဖြင့် တိုင်းတာရမည်။ ဝန်ထမ်းကိုယ်တိုင်သည်လည်း mask တပ်ထားရမည်။

(င) ကိုယ်အပူချိန်ပုံမှန်(36.5˚C/98.6˚F) သာရှိသော ဧည့်သည်ဖြစ်လျှင် ဧည့်ကြိုကောင်တာသို့ ဝင်ရောက်ခွင့်ပြုရမည်။

(စ) ဧည့်ကြိုကောင်တာရှေ့တွင် ဧည့်သည်များ တန်းစီနိုင်စေရန် ၆ ပေ ကွာခြားထားသည့် မျဉ်းကွက်များ ရေးဆွဲထားရမည်။

(ဆ) ဧည့်ကြိုကောင် တာဝန်ထမ်းများအားလုံး mask တပ်ထားရမည်။ ဧည့်သည်များ စုပြုံနေခြင်းမျိုးမဖြစ်စေရန် ဧည့်ခန်းမတွင် ခဏနားနေနိုင်မည့်ထိုင်ခုံများကို သတ်မှတ်အကွာအဝေးအတိုင်း ချထားပေးရမည်။

(ဇ) ဧည့်ခန်းရှိထိုင်ခုံများ၊ စားပွဲများ၊ သန့်စင်ခန်းများ၊ ကြမ်းခင်းများအားလုံးကို ပိုးသတ်သန့်စင်ရန် 0.1% Hypochloride Solution(0.1% Hypochloride Solution ဖြင့် ပိုးသတ်သန့်စင်မည်ဆိုပါက ဖျော်စပ်နည်းနှင့် အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်များကို သိရှိထားရန်) ဖြင့် ပိုးသတ်သန့်စင်ထားရမည်။

(ဈ) ဧည့်သည်တည်းခိုမည့်အခန်းသည် အနည်းဆုံးကုတင်တစ်လုံးနှင့်တစ်လုံး ၃ ပေ အကွာထားရှိပြီး အခန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် COVID-19 ဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးအချက်များနှင့်အညီ ပြင်ဆင်ထားရမည်။

## ၂။ ဟိုတယ်စားသောက်ခန်းမတွင် ဆောင်ရွက်ရမည့်အချက်များ

(က) ဧည့်သည်များစားသောက်မည့် စားသောက်ခန်းမတွင် စားပွဲများကို တစ်လုံးနှင့်တစ်လုံး ၆ ပေ အကွာထားရှိခြင်း၊ ကုလားထိုင်တစ်လုံးနှင့်တစ်လုံး ၃ ပေအကွာထားရှိခြင်း၊ စားပွဲများပေါ်တွင် partition ဖြင့် ခြားထားပေးခြင်းများ ပြုလုပ်ထားရမည်။

(ခ) ဧည့်သည်များအား စားသောက်ခန်းမ၊ စားသောက်ဆိုင်များသို့ မဝင်မီနှင့် ပြန်လည်ထွက်ခွာချိန်တွင် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြုပြီး အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးကြောခြင်း သို့မဟုတ် Alcohol ၆၀% ပါသော လက်သန့်ဆေးရည်ဖြင့် လက်ကို ဆေးကြောသန့်စင်ရန်အသိပေးထားပြီး လက်ဆေးရန်နေရာများနှင့် လက်သန့်စင်ဆေးရည်များကို သတ်မှတ်နေရာများတွင် လုံလောက်စွာ ထားရှိပေးရမည်။

(ဂ) စားပွဲမျက်နှာပြင်များ ပန်းကန်၊ ဇွန်းများ၊ ဧည့်သည်များလက်ဖြင့်ထိတွေ့နိုင်သည့် အများသုံးပစ္စည်း (ကုလားထိုင်များ၊ တံခါးလက်ကိုင်များ၊ စားပွဲများ၊ ကောင်တာများ၊ ကော်ဖီစက်များ စသည့်) တို့ကို Ethyl Alcohol ဖြင့် မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရမည်။

(ဃ) စားသောက်ခန်းမအတွင်းရှိ စားပွဲများ နေရာချထားရာတွင် အတတ်နိုင်ဆုံး(၁၀ စတုရန်းမီတာ)တွင် အများဆုံး ၄ ဦးသာ ထိုင်ရန်စီစဉ်ပေးပြီး ထိုင်ခုံများတစ်ခုံနှင့်တစ်ခုံ ကျောချင်းကပ်အနေအထား သို့မဟုတ် ဧည့်သည်များ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် အနေအထားဖြစ်ပါက အကာအရံများ ထားရှိအသုံးပြုရမည်။

(င) ပန်းကန်ဆေးရန်နှင့် လျှော်ဖွတ်ရန်အသုံးပြုသည့် ပစ္စည်းကိရိယာများ၏ အပူချိန်၊ အသုံးပြုရမည့်သန့်ရှင်းရေးနှင့် ပိုးသန့်ဆေးရည်များ၏ပမာဏများ မှန်ကန်မှုရှိစေရန် နေ့စဉ်စစ်ဆေးဆောင်ရွက်ရမည်။

(စ) စားသောက်ခန်းမတွင် ဧည့်သည်နှင့်ဝန်ထမ်းတိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချရမည်။ Social Distancing ကို လိုက်နာရန်အတွက် ဘူဖေးပုံစံကျွေးမွေးခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရပါမည်။ လိုအပ်လျှင် Room Service ပေးရမည်။

## ၃။ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဌာနနှင့် ဟိုတယ်အိပ်ခန်းဆောင်များတွင်ဆောင်ရွက်ရမည့် အချက်များ

(က) ဧည့်သည်များအသုံးပြုပြီးသည့် အထည်အလိပ်များ၊ အိပ်ရာခင်းများ၊ အဝတ်အစားများ၊ အိပ်ခန်းဆောင်သုံး လီနင်အဝတ်အထည်များအားလုံးအား သတ်မှတ်ထားသော အဝတ်လျှော်အိတ်အတွင်းသို့သေချာစွာဂရုပြုပြီး အဝတ်လျှော်ဆပ်ပြာအသုံးပြု၍ အပူချိန် (၇၀ ဒီဂရီစင်တီဂရိတ်နှင့်အထက်)ဖြင့် လျှော်ဖွတ်အသုံးပြုရမည်။

(ခ) အိပ်ခန်းဆောင်များအတွင်းရှိ လေအေးပေးစက်(Aircon)များ၏ လေစစ်စကာများအား နေ့စဉ် နေ့တိုင်း ပုံမှန်စစ်ဆေးသွားရန်နှင့် အပူနှင့်စိုထိုင်းမှုကိရိယာများ ကောင်းမွန်စွာ လုပ်ဆောင်နေခြင်း ရှိ/မရှိ စစ်ဆေးသွားရမည်။

(ဂ) အိပ်ခန်းဆောင်ဝန်ထမ်းများအားလုံး Face shield, Mask နှင့်လက်အိတ်များ ဝတ်ဆင် အသုံးပြုပြီး အိပ်ခန်းဆောင်သန့်ရှင်းရေးကိစ္စများ ဆောင်ရွက်ရမည်။

(ဃ) ဧည့်ခန်းနေရာများ၊ လျှောက်လမ်းများအား ပိုးသတ်ဆေးရည်ဖျန်းခြင်း သို့မဟုတ် ပိုးသတ်ဆေးရည်ပါသော အဝတ်ဖြင့်တိုက်၍ ဆေးကြောခြင်း၊ ရေခဲသေတ္တာလက်ကိုင်၊ အခန်းတံခါးလက်ကိုင်များ၊ ရေပိုက်ခလုတ်များ အနည်းဆုံး ၇၀% Alcohol ဖြင့် စနစ်တကျသန့်စင်ဆောင်ရွက်ရမည်။

## ၄။ ဟိုတယ်အတွင်းရှိအဆောက်အဦများတွင်ဆောင်ရွက်ရမည့်အချက်များ

(က) ဓါတ်လှေကားအသုံးပြုမည်ဆိုလျှင် ၂ ပေ အကွာအဝေးအတိုင်းအတာတွင် ဝင်ဆံ့သည့် လူဦးရေ(၃)ဦး ပမာဏကိုသာ စီးနင်းခွင့်ပြုရမည်။

ဟိုတယ်အတွင်း၊ ပြင်ပနေရာများ ဥပမာ - (ရေကူးကန်၊ Spa) စသည်တို့ကို ပိုးသတ်ဆေးဖြန်းခြင်း၊ အလှည့်ကျအသုံးပြုစေခြင်းများ ဆောင်ရွက်ရမည်။ COVID-19 ရောဂါ သံသယလက္ခဏာရှိသည့် ဧည့်သည်တွေ့ရှိလျှင် သီးခြားခွဲထုတ်ထားရှိ၍ အနီးစပ်ဆုံး ကျန်းမာရေးဌာနသို့ သတင်းပို့အကြောင်းကြားရမည်။

(ခ) ဟိုတယ်အတွင်း၌ အသုံးပြုပြီးသော စွန့်ပစ်မည့်ပစ္စည်းများထည့်သည့် အမှိုက်ပုံးများ ထားရှိရန်နှင့် အမှိုက်ပုံးများ(အမှိုက်စို၊ အမှိုက်ခြောက်) ခွဲထားရှိပေးရမည်။

## ၅။ ဟိုတယ်ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ရမည့်အချက်များ

(က) ဟိုတယ်ဝန်ထမ်းများနေထိုင်သည့် ဟိုတယ်တည်ရှိရာ မြို့နယ်အတွင်းမှ ၂၈ ရက်အတွင်း ခရီးသွားရာဇဝင်မရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံစာနှင့် ကျန်းမာရေး ကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက် ရယူထားရမည်။

(ခ) ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာရှိဝန်ထမ်းများအားလုံး နှာခေါင်းစည်းတပ်ခြင်း၊စက္ကန့် ၂၀ ကြာ လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း စသည်တို့ကိုပြုလုပ်ပြီး သတ်မှတ် ကိုယ်အပူချိန်ထက်ကျော်လွန်သူ ဝန်ထမ်းများကို တာဝန်ပေးခြင်းမပြုဘဲ မိမိနေရာ တွင်သာ နေထိုင်စေရမည်။

(ဂ) ဟိုတယ်ဝန်ထမ်းများ တာဝန်ချထားမှုကို အနည်းဆုံး 2 shift (သို့မဟုတ်) ထိုထက်ပို၍ အသုတ်လိုက် ခွဲချထားရမည်။

(ဃ) ဟိုတယ်ဝန်ထမ်းကြိုပို့ယာဉ်များပေါ်တွင် လက်သန့်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ထားရှိစီစဉ်ပေးရမည်။

(င) ဟိုတယ်ဝန်ထမ်းတစ်ဦးဦးတွင် COVID-19 လက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့်အခြားသော သံသယဖြစ်ဖွယ် ကျန်းမာရေးချို့ယွင်းမှုများဖြစ်ပေါ်သည်ကို သိရှိရပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သတင်းပို့ဆောင်ရွက်ရမည်။

(စ) ပြင်ပနေဝန်ထမ်းတစ်ဦးဦး၏ မိသားစုဝင်တစ်ဦး နာမကျန်းဖြစ်ပါက သက်ဆိုင်ရာဌာန၊ ကြီးကြပ်သူထံ သတင်းပို့ရေး အသိပညာပေးထားခြင်းဆောင်ရွက်ရမည်။

## အခန်း(၄)

## အစားအသောက်ဆိုင်ရာ အခန်းကဏ္ဍ(Food Sector)

### ၁။ စားသောက်ဆိုင်ပိုင်ရှင်များနှင့် မန်နေဂျာများ လိုက်နာဆောင်ရွက်ရန်အချက်များ

(က) ဆိုင်သို့ရောက်ရှိလာသည့် စားသုံးသူများအားလုံးကို ဆိုင်အဝင်ဝတွင် အပူချိန်တိုင်းတာပြီး ကိုယ်အပူချိန် ၃၈˚C / ၁၀၀.၄˚F အောက်တွင်ရှိမှသာ ဆိုင်သို့ဝင်ရောက်စေရမည်။

(ခ) စားသောက်သူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ (Mask)၊ မျက်နှာကာများ (Face Shield) ကို ဆိုင်အတွင်းမဝင်မီ တပ်ဆင်နိုင်ရန် မှန်ကန်သောဈေးနှုန်းများဖြင့် ရောင်းချပေးရမည်။

(ဂ) ရေဆပ်ပြာနှင့်လက်သန့်စင်ဆေးရေတို့ကို ဆိုင်အဝင်ဝတွင် ထားရှိရန်နှင့် လက်ဆေးရန်နေရာများ လုံလောက်အောင် ထားရှိပေးပြီး လက်ဆေးပြီးမှ ဝင်ရောက်စေရမည်။

(ဃ) စားသုံးသူများထိုင်မည့်နေရာသည် လေဝင်/လေထွက် ကောင်းသောနေရာ ဖြစ်ရမည်။ လေအေးပေးစက်တပ်ဆင်ထားသော အခန်းဖြစ်ပါက ပြတင်းပေါက်များ ဖွင့်ထားရမည်။

(င) တစ်ယောက်ချင်းစီစားနိုင်ပြီး တစ်ဦးနှင့်တစ်ဦးကြားတွင် ကတ်ထူပြား၊ မှန်ပြား၊ သစ်သားပြားတို့ဖြင့် အကန့် ကန့်ထားပေးပြီး ငါးဦးထက်မပိုသော မိသားစုဖြစ်ပါကတစ်ဦးနှင့်တစ်ဦး ၃ ပေအကွာ ခွဲခြားထားသော စားပွဲတွင် စားသောက်နိုင်ရေး စီစဉ်ပေးရမည်။

(စ) စားပွဲတိုင်းတွင် တစ်ခါသုံးစက္ကူကိုသာ သုံးစွဲစေပြီး လုံလောက်စွာစီစဉ်ပေးရမည်။

(ဆ) ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသော အစားအစာ (Buffet, Self-service) များရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။

(ဇ) ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ သို့မဟုတ် ပိုးသတ်ထားသော ပန်းကန်/ ဇွန်းများသာ အသုံးပြုရမည်။

(ဈ) အစားအသောက်စာရင်း(Menu)အား ချိတ်ဆွဲထားခြင်း သို့မဟုတ် စားပွဲမှန်အောက်၌ထား၍ဖြစ်စေ ထည့်သွင်းပေးထားရမည်။

(ည) Covid-19ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေးပိုစတာများ၊ ဗီနိုင်းများကို လူအများမြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားရှိရမည်။

(ဋ) ဆိုင်အတွင်း အနည်းဆုံး အယ်ကိုဟောလ်(၆၀)%ပါသော လက်သန့်ဆေးရည်များ (Hand gel) အလွယ်တကူ ထားရှိပေးရမည်။ သန့်စင်ခန်းအတွင်း ရေနှင့်ဆပ်ပြာကို အလွယ်တကူ ထားရှိရမည်။

(ဌ) ငွေရှင်းကောင်တာမှ ငွေလက်ခံသည့်စနစ်ဖြစ်ပါက စားသုံးသူနှင့်တိုက်ရိုက်ထိတွေ့မှု မရှိစေရန် ကောင်တာရှေ့တွင် မှန်ကာထားရမည်။

(ဍ) ငွေသားလက်ခံခြင်းထက် online payment စနစ်ဖြင့် လက်ခံနိုင်အောင် ဆောင်ရွက်ထားရှိရမည်။

(ဎ) သံသယဖြစ်ဖွယ် လူနာတွေ့ရှိပါက သက်ဆိုင်ရာဌာနများသို့ သတင်းပို့ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရန်ဖုန်းနံပတ်များအား မြင်သာသောနေရာတွင် ချိတ်ဆွဲထားရှိရမည်။

## ၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ

(က) စားသောက်ဆိုင်ရှိဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်း လမ်းညွှန်ချက်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဝန်ထမ်းများနှင့်စားသုံးသူများအား စစ်ဆေးပေးရန် အလှည့်ကျ တာဝန်ချထားရမည်။

(ခ) စားသောက်ဆိုင်မှတာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအား နေ့စဉ် ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိစစ်ဆေး၍ ကိုယ်အပူချိန် မြင့်တက်ခြင်းသို့မဟုတ် သံသယလက္ခဏာများရှိပါက စားသောက်ဆိုင်အတွင်းသို့ လုံးဝ ဝင်ခွင့်မပြုရပါ။

(ဂ) စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကောင်းမွန်မှသာ အလုပ်ဆင်းရမည်။ မိမိကိုယ်တိုင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းမောပမ်းခြင်းစသည့် လက္ခဏာတစ်ခုခု ခံစားရပါက အလုပ်နား၍ လိုအပ်သော ဆေးကုသမှုခံယူရမည်။

(ဃ) စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် စားသုံးသူနှင့်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ရောနှောနေထိုင်ခြင်းမပြုစေဘဲ ၆ ပေအကွာအဝေးမှ နေထိုင်သွားလာစေရမည်။

(င) စားသောက်ဆိုင်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက တစ်ယောက်နှင့်တစ်ယောက် အနည်းဆုံး ၆ ပေ အကွာအဝေးတွင် နေရာချထားပေးရမည်။

(စ) စားသုံးသူများအား ငွေရှင်းပြေစာနှင့် ငွေရယူခြင်း၊ ငွေပြန်အမ်းခြင်းလုပ်ငန်းများကို စားပွဲထိုးများနှင့်ဆောင်ရွက်ခြင်းမပြုစေဘဲ သီးခြားဝန်ထမ်းများအား တာဝန်ပေးရမည်။

(ဆ) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)၊ မျက်နှာကာ(Face Shield)၊ ခါးစည်းရှေ့ကာ(Apron)နှင့် လက်အိတ် စသည်တို့ကို ဝတ်ဆင်ရမည်။ ခါးစည်းရှေ့ကာ (Apron)ကို မကြာခဏ လဲလှယ်ရမည်။

(ဇ) အစားအသောက် ပြင်ဆင်ချက်ပြုတ်သူများအနေဖြင့် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြော ရပါမည်။

(ဈ) နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း မိမိတို့၏ ပါးစပ်နှင့်နှာခေါင်းကို တံတောင်ဆစ် အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်နှင့် အသုံးပြုပြီး သော တစ်ရှူးကို စနစ်တကျစွန့်ပစ်ပြီး လက်ကိုဆေးကြောရမည်။

(ည) လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ အားအင်ကုန်ခန်းမောပန်းခြင်း စသည့် သံသယလက္ခဏာတစ်ခုခု ခံစားရ ပါ က အလုပ်မှ ချက်ခြင်းအနားပေး၍ နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သော ဆေးကုသမှုခံယူရမည်။

**၃။ စားဖိုဆောင်တွင် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် အချက်များ**

(က) စားဖိုမှူးများနှင့်ချက်ပြုတ်အကူများသည် မီးဖိုချောင်သို့မဝင်ရောက်မီ မိမိတို့ဝတ်ဆင်ထား သောဝတ်စုံများကို ပိုးသတ်ထားသော ဝတ်စုံများ၊ ခေါင်းဆောင်းများ၊ လက်အိတ်၊ မျက်နှာဖုံးများနှင့်လဲလှယ် ဝတ်ဆင်ပြီးမှ မီးဖိုဆောင်သို့ဝင်ရောက်ရမည်။

(ခ) အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများအနေဖြင့် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို အနည်းဆုံးစက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြော ရပါမည်။

(ဂ) ချက်ပြုတ်ပြင်ဆင်ခြင်းများမပြုလုပ်မီ ပြင်ဆင်မည့်စားပွဲနှင့် အသုံးအဆောင်များအား သန့်ရှင်းအောင်ဆောင်ရွက်ပြီးမှသာ အသုံးပြုရမည်။

(ဃ) စားသောက်ဆိုင်တွင်းရှိ ဖန်ခွက်၊ အိုး၊ ဒယ်အိုး၊ ချက်ပြုတ်ရာတွင် အသုံးပြုသည့် ပစ္စည်း များနှင့် အသီးအနှံ၊ ဟင်းသီးဟင်းရွက်များအား ရေနွေးဖြင့်ဆေးကြောရမည်။

(င) အသား၊ ငါး၊ ဥအမျိုးမျိုး၊ ပင်လယ်စာအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို သေချာစွာ ကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးသူများထံ ရောင်းချရပါမည်။

(စ) ချက်ပြုတ်ပြီးစီးသော အစားအစာများအား ပိုးသတ်သန့်စင်ထားသော ပန်းကန်၊ ခွက်ယောက်များဖြင့် ထည့်သွင်းပြင်ဆင်ရမည်။

(ဆ) လုပ်ငန်းတာဝန်များပြီးဆုံးပါကအသုံးပြုထားသောပစ္စည်းကိရိယာများအား စနစ်တကျ ပိုးသတ်သန့်ရှင်းပြီးသိမ်းဆည်းရန်နှင့် ဝန်ထမ်းများမှ တစ်ကိုယ်ရည် သန့်ရှင်းရေးပြုလုပ်ရမည်။

**၄။ စားသုံးသူများလိုက်နာဆောင်ရွက်ရမည့် အချက်များ**

(က) စားသုံးသူများသည် မိမိတွင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းမောပမ်းခြင်း စသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါ က စားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

(ခ) အသက်အရွယ်ကြီးသူများ၊ ကိုယ်ခံအားနည်းသူများ၊ သွေးတိုး ၊ နှလုံး ၊ ဆီးချို၊ ကင်ဆာရောဂါရှိသူများသည် စားသောက်ဆိုင်သို့ လုံးဝ မသွားသင့်ပါ။

(ဂ) စားသောက်ဆိုင်အတွင်းသို့ ပါးစပ်နှင့်နှာခေါင်းစည်း(Mask)၊ မျက်နှာကာ(Face Shield) ပါမှသာ ဝင်ရောက်ရန်။

(ဃ) စားသုံးသူများသည် ဆိုင်အတွင်းသို့ မဝင်မီ လက်ဆေးရမည်။

(င) စားသောက်ဆိုင်တွင်အချိန် ကြာမြင့်စွာ မထိုင်သင့်ပါ။

(စ) စားသုံးသူများသည် စားပွဲမျက်နှာပြင်များ၊ ပရိဘောဂများအား ထိတွေ့မိပါက အနည်းဆုံး အယ်လ်ကိုဟောလ် (၆၀)%ပါသော လက်သန့်စင်ဆေးရည်များ(Hand Gel)ဖြင့် လက်သန့်စင်ပြီးမှသာ အစားအစာ စားသုံးရမည်။

(ဆ) စားသောက်ဆိုင်တွင် သန့်စင်ခန်းအသုံးပြုပါက ရေနှင့် ဆပ်ပြာဖြင့် လက်ကို ဆေးကြောရမည်။

(ဇ) စားသောက်ဆိုင်မှနေအိမ်သို့ ပြန်လည်ရောက်ရှိပါက အဝတ်အစားများအား ချက်ချင်းလဲလှယ်၍ ၎င်းအဝတ်အစားများကို ချက်ချင်းလျှော်ဖွတ်ရန်လိုအပ်ပါသည်။

**၅။ အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ**

(က) ကိုရိုနာဗိုင်းရပ်ပိုးများသည် အရာဝတ္ထုများ မျက်နှာပြင်များတွင်ရှင်သန်နိုင်၍ လူအများနှင့် ထိတွေ့လေ့ရှိသောနေရာများ (ဥပမာ-တံခါးလက်ကိုင်၊ လှေကားလက်ရန်း၊ ငွေရှင်းကောင်တာ၊ စားပွဲများ၊ ထိုင်ခုံများနှင့် အသုံးအဆောင်ပစ္စည်းများ)ကို အယ်လ်ကိုဟော ၇၀ % အထက်ပါသော ပိုးသန့်စင်ဆေးရည် သို့မဟုတ် ဆပ်ပြာရည်ဖြင့် မကြာခဏ စနစ်တကျ သန့်ရှင်းရေးပြုလုပ်ရမည်။

(ခ) စွန့်ပစ်တစ်ရှူးနှင့် အခြားအမှိုက်များ သိမ်းဆည်းရာတွင် အထူးဂရုပြု၍ လက်အိတ်ဝတ်ဆင်ပြီး အရိုးရှည်တပ်တံမြက်စည်း၊ ဂေါ်ပြားနှင့် အမှိုက်ညှပ်အသုံးပြု၍ စနစ်တကျ သိမ်းဆည်းရမည်။

(ဂ) အမှိုက်များအား အမှိုက်အိတ်ထဲသို့ထည့်၍ လုံအောင်ပိတ်ပြီးမှ စနစ်တကျ စွန့်ပစ်ရမည်။

(ဃ) အမှိုက်နှင့်အညစ်အကြေးများ ကိုင်တွယ်ပြီးလျှင် ဆပ်ပြာနှင့်ရေတို့ကို အသုံးပြု၍ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောရမည်။

(င) ဆိုင်အတွင်းသန့်ရှင်းရေးတာဝန်များအတွက် သီးခြားဝန်ထမ်းများ တာဝန်ချထားရမည်။ စားပွဲထိုးများမှ မဆောင်ရွက်ရပါ။

(စ) သန့်စင်ခန်းများ၏ သန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်ရမည်။

(ဆ) ဆိုင်ဝန်ထမ်းများအားလုံး တစ်ကိုယ်ရေသန့်ရှင်းရေး (လက်မကြာခဏ ဆေးကြောရန်၊ လက်အိတ်တပ်ထားသော်လည်း ဟိုကိုင်ဒီကိုင်မလုပ်ရန်) ပညာပေးရေးနှင့် လိုက်နာဆောင်ရွက်မှုရှိစေရန် ကြပ်မတ်ရမည်။

(ဇ) စားသောက်ဆိုင်တွင်း နံရံများ ၊ ကြမ်းပြင်နှင့်ပရိဘောဂပစ္စည်းများကို ဆိုင်ပိတ်ပြီးတိုင်း ပိုးသတ်ဆေးပက်ဖျန်းထားရမည်။

(ဈ) အသုံးပြုပြီးသောစွန့်ပစ်ပစ္စည်း (ဥပမာ – တစ်ခါသုံးတစ်ရှူး/ မျက်နှာသုတ်ပုဝါ) များကို သင့်လျော်သောအမှိုက်ပုံးကြီးအတွင်းသို့ စွန့်ပစ်ပြီး မြို့နယ်စည်ပင်သာယာက သတ်မှတ်ထားသောနေရာတွင် မီးရှို့ရှင်းလင်းပစ်ရမည်။ (အထူးပြုလုပ်ရမည့်သန့်ရှင်းရေး)

## အခန်း(၅)

## ခရီးစဉ်ဒေသများဖြစ်သော ဘုရား၊ ပြတိုက်ကဲ့သို့နေရာများတွင် ကျင့်သုံးမည့် Social Distancing စနစ်

### ၁။ ဘုရား၊ ပြတိုက်ကဲ့သို့ နေရာများတွင် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ

COVID-19 ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ခရီးစဉ်ဒေသများဖြစ်သော ဘုရား၊ ပြတိုက်ကဲ့သို့ နေရာများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ညွှန်ကြားထားပါသည်-

(က) လူစုလူဝေးများဖြင့်ကျင်းပရသည့် ဘာသာရေးဆိုင်ရာအခမ်းအနားများ၊ ပွဲလမ်းသဘင်များ ဆောင်ရွက်ခြင်းမပြုရန်နှင့်မဖြစ်မနေဆောင်ရွက်ရမည့် ဘာသာရေးဆိုင်ရာကိစ္စရပ်များကို လူအနည်းဆုံးဖြင့် ဆောင်ရွက်ရန်၊

(ခ) ဘာသာရေးဆိုင်ရာကိစ္စရပ်များသို့ လာရောက်မည့်သူများသည် ဖျားခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းလက္ခဏာများရှိပါက မလာရောက်ရန်နှင့် သက်ဆိုင်ရာဘာသာရေးအဆောက်အဦသို့ ရောက်ရှိချိန်တွင် လက္ခဏာများပေါ်ပေါက်လာပါက နှာခေါင်းစည်း တပ်ဆင်ရန်၊

(ဂ) ဘာသာရေးဆိုင်ရာ အဆောက်အဦများသို့ လာရောက်ကြမည့် ပုဂ္ဂိုလ်အားလုံးကို ဝင်ပေါက်များသတ်မှတ်ပေးပြီး နေရိပ်သောနေရာတွင် အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန်တိုင်းကိရိယာ(Infrared Thermal Scanner) သို့မဟုတ် (Non-contact Thermometer) အသုံးပြု၍ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးပြီး ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်နှင့်အထက် ရှိ/မရှိ စစ်ဆေးပေးခြင်းနှင့် ကိုယ်အပူချိန်မြင့်တက်ပါက အခြားသူများသို့ ရောဂါမကူးစက်စေရေးအတွက် အဆောက်အဦအတွင်းသို့ ဝင်ရောက်ခွင့်မပြုဘဲ သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားရန်၊

(ဃ) နေရာထိုင်ခင်းများစီစဉ်ရာ၌လည်း လူသိပ်သည်းမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊

(င) ဘာသာရေးဆိုင်ရာအဆောက်အဦများသို့ လာရောက်မည့်သူများအား ကျန်းမာရေးအသိပညာပေးရန်အတွက် ဝင်ပေါက်အနီးရှိမြင်သာသည့်နေရာ၌ ပိုစတာများ၊ လက်ကမ်းစာစောင်များကို အသင့်ထားရှိပေးရန်၊ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ကျန်းမာရေးအသိပညာပေး ရရှိနိုင်ပါသည်။)

(စ) ဧည့်သည်များ လက်ဆေးကြောသန့်စင်နိုင်ရေးအတွက် ရေနှင့်ဆပ်ပြာ၊ အယ်လ်ကိုဟော ၇၀% ပါဝင်သော လက်သန့်ဆေးရည်(Hand Sanitizer/ Gel)များကို အလွယ်တကူ စီစဉ်ထားရှိပေးရန်၊ လိုအပ်ပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask)များ ပေးနိုင်ရေး ကြိုတင်စီစဉ်ထားရှိပေးရန်၊

(ဆ) သံသယလူနာတွေ့ရှိပါက အနီးဆုံးကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီများအကူအညီ ရယူဆောင်ရွက်ရန်

## ၂။ ဧည့်သည်များ လိုက်နာရမည့် Social Distancing ဆိုင်ရာစည်းကမ်းချက်များ

ခရီးသွားလုပ်ငန်းများပြန်လည်စတင်ပါက ပြတိုက်များသို့ လာရောက်သော ဧည့်သည်များသည် အောက်ပါ Social Distancing ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာကြရမည်-

(က) ပြတိုက်သို့လာရောက်လေ့လာသည့်ဧည့်သည်များအနေဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခြင်း၊ Mask တပ်ခြင်းတို့ ပြုလုပ်ပြီးမှသာ ပြတိုက်အတွင်းသို့ ဝင်ရောက်ရန်၊ (ဖျား/ ချောင်းဆိုး/ နှာချေ နေသူများကို ယာဉ်ပေါ်တွင်သာ ချန်ခိုင်းရန်)

(ခ) တစ်ဦးနှင့်တစ်ဦး ၆ ပေအကွာမှ ကြည့်ရှုလေ့လာရန်အတွက် ပြခန်းတစ်ခုချင်းအလိုက် ကြည့်ရှုနိုင်ရန် လူအရေအတွက်အား ပြတိုက်မှစီစဉ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဂ) ပြတိုက်အားလုံးကို Online Registration ဖြင့် ပြတိုက်ဝင်ခွင့်ပြုရန် ဆောင်ရွက်နေ၍ ကြိုတင်ဝင်ခွင့် တင်ပြဆောင်ရွက်ပေးရန်၊

(ဃ) ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အုပ်စုဖြင့် (၁၀)ယောက်နှင့်အထက် လာရောက်လိုပါ က ကြိုတင်၍(အနည်းဆုံး နာရီဝက်) ဖုန်းဆက်၍ဖြစ်စေ၊ Social Media တစ်ခုခုဖြင့် ဖြစ်စေ Online မှ ဆက်သွယ်အကြောင်းကြားရန်၊

(င) ဧည့်သည်များ ပြတိုက်သို့ မဝင်ရောက်ခင် ကျန်းမာရေးနှင့်သက်ဆိုင်သော Personal Information များကို ဖြည့်စွက်ပြီး Confirm ဖြစ်မှသာလျှင် ဝင်ရောက်ရန်၊

(စ) ဧည့်သည်များတွင်ပါလာသော ပစ္စည်းများကို Locker ထဲထည့်ရန်၊ လိုအပ်ပါက ပိုးသတ်ဆေးဖြန်းပြီးမှ ထည့်ရန်၊

(ဆ) ဧည့်သည်တော်များ ပြတိုက်သို့ ဝင်ရောက်သည့်အချိန်တွင် Disposable Gloves နှင့် Disposable Sock ဝတ်ဆင်ပြီးမှသာ ဝင်ရောက်ရန်၊ ဧည့်သည်များအတွက် ပြတိုက်မှ ဝန်ဆောင်မှုပေးသည့် ဆေးစိမ်ဖိနပ်အား လဲလှယ်ပြီး ပြတိုက်သို့ ဝင်ရောက်ရန် သို့မဟုတ် ဧည့်သည်စီးဖိနပ်အား ပိုးသတ်ဆေးဖြန်း၍ ဝင်ရောက်ရန်၊

(ဇ) Audio Guide မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦးသို့ ကူးစက်မှုရှိနိုင်သဖြင့် Audio Guide အသုံးပြုခြင်း ယာယီရပ်ဆိုင်းထားရန်၊

(ဈ) ပြတိုက်များရှိ Touch Screen နှင့် Hand on Exhibits များကို လက်ဖြင့် ကိုင်တွယ်အသုံးပြုခြင်း မပြုလုပ်ရန်နှင့် ကိုင်တွယ်သုံးစွဲလိုပါက လက်အိတ်များစွပ်၍ အသုံးပြုရန်၊

(ည) ဧည့်သည်များအနေဖြင့် ခေတ္တနားနေမည့် ထိုင်ခုံရှည်များတွင် ၆ ပေခြား၍ သတ်မှတ်ပေးထားသည့်နေရာတွင် ထိုင်ရန်၊

(ဋ) ပြတိုက်များတွင် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်နှင့် Souvenir Shops များတွင်လည်း ၆ ပေခွာ အကွက်ချဆောင်ရွက်ထားသည်ကို လိုက်နာဆောင်ရွက်ရန်၊

(ဌ) နောင်တွင် ပြတိုက်များသို့ လာရောက်လေ့လာသော ဧည့်သည်များသည် Online Tickets စနစ်ဖြင့် လက်မှတ်ဝယ်ယူ၍ Digital Money အသုံးပြုရန်အတွက် စီစဉ်နေ၍ နောင်တွင် အသုံးပြုကြရန်၊

(ဍ) ဧည့်သည်တော်များ ပြတိုက်သို့ လာရောက်ရာတွင် (One Way In & Out) အဝင်နှင့်အထွက် တစ်လမ်းတည်းဖြင့် အလှည့်ကျ ဝင်ရောက်စေရန်၊

(ဎ) ဓာတ်လှေကားအတွင်း သတ်မှတ်ထားသည့် လူဦးရေအတွင်း စီးနင်းရန်၊

(ဏ) Tour Guide များမှ လူစုလူဝေးဖြင့် ရှင်းလင်းပြသခြင်းမျိုး မပြုလုပ်စေရန်၊

(တ) ပြတိုက်များတွင် ယခင် ဧည့်သည်များလိုက်နာရန် စည်းကမ်းချက်များအပြင် အထက်ဖော်ပြပါ အချက်များအား သိရှိလိုက်နာစေရန်။

# အခန်း(၆)

## ခရီးစဉ်ဒေသ ဆွဲဆောင်မှုများ၊ စီမံကိန်းများနှင့် စီမံခန့်ခွဲမှု

### ၁။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ဆောင်ရွက်ချက်များ

(က) ခရီးသွားဧည့်သည်များနှင့် ဝန်ထမ်းများအား masks/ face coverings များအသုံးပြုရန် တိုက်တွန်းအားပေးခြင်းနှင့်ပြည်သူများပါဝင်နိုင်မည့်အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊

(ခ) လူအများထိတွေ့မှုများသော မျက်နှာပြင်များအား ကြိမ်ဖန်များစွာ သန့်စင်ပေးခြင်းနှင့် လူအများနှင့် ထိတွေ့မှုများနိုင်သည့်နေရာများအား လျော့ချပေးခြင်း၊

(ဂ) အတားအဆီးများ၊ အကာအကွယ်များနှင့် distancing များ ပါဝင်သော ရောဂါကာကွယ်မှုပုံစံအမျိုးမျိုးဖြင့် ဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(ဃ) ပြည်သူများ (သို့မဟုတ်) မိသားစုများတွင် တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတွင်နေထိုင်နိုင်ရေး စီမံခန့်ခွဲခြင်းနှင့် ခရီးသွားများမှ အများပြည်သူနှင့်သက်ဆိုင်သော နေရာများသို့ သွားလာလည်ပတ်သည့်အခါ လိုက်နာရမည့်ကျင့်ဝတ်များအား သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊

(င) Social Distancing အတွက် သင့်တော်သည့် နေရာအကျယ်အဝန်း စီစဉ်ထားခြင်းနှင့် လူဦးရေထူထပ်မှုလျော့ချခြင်း၊ လူဝင်ပေါက်များအား စောင့်ကြည့်စစ်ဆေးခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် Physical distancing လိုက်နာနိုင်ရန် အတွက် နေရာအကျယ်အဝန်းစီစဉ်ထားခြင်း၊

(စ) ဧည့်သည်များလိုက်နာရမည့် ကျင့်ဝတ်များနှင့် တာဝန်ဝတ္တရားများအား အသိပေးခြင်း၊

(ဆ) Physical distancing guides/spaces အမှတ်အသားများ၊ သင်္ဘောများအား လမ်းများပေါ်တွင် သတ်မှတ်ဖော်ပြထားခြင်း၊

(ဇ) Online ဖြင့် ငွေပေးချေမှုများနှင့်ကြိုတင်စာရင်းပေးသွင်းခြင်းများဆောင်ရွက်မှုကို မြှင့်တင်အားပေးခြင်း၊

(ဈ) ခရီးစဉ်မတိုင်မီ၊ခရီးစဉ်အတွင်းနှင့် ခရီးစဉ်ပြီးနောက် ခရီးသွားများ၏ ကိုယ်တိုင်အတွေ့အကြုံများကို မျှဝေနိုင်ရန် Augmented Reality or Virtual Reality အစရှိသည့် နည်းပညာအသစ်များ အကောင်အထည်ဖော်ဆောင်ခြင်း၊

### ၂။ ခရီးစဉ်ဒေသစီမံကိန်းများနှင့် စီမံခန့်ခွဲမှု

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ အချင်းချင်းပူးပေါင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးနှင့်အားကစား

ဝန်ကြီးဌာနမှ ချမှတ်ထားသည့် လိုက်နာရမည့်လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များကို ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအား အသိပေးခြင်း၊

(ခ) ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ခရီးသွားကုမ္ပဏီများ၏ဝန်ထမ်းများအား သိရှိစေရေးသင်တန်းများ ပို့ချပေးခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခြင်း၊

(ဂ) ခရီးစဉ်ဒေသတွင် ဘေးကင်းလုံခြုံစေရန်၊ လွယ်ကူချောမွေ့စေရန်နှင့် ထိတွေ့မှုများလျော့နည်းစေရန် နည်းပညာအသုံးပြုမှုမြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့်စပ်လျဉ်းသည့် ယုံကြည်အားထားရပြီးမှန်ကန်မှုရှိသော သတင်းအချက်အလက်များအား အလွယ်တကူရရှိနိုင်ရေး ထောက်ပံ့ပေးခြင်း၊ (နိုင်ငံအဆင့်နှင့်ဒေသတွင်း ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့် သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ၊ ဖုန်းနံပါတ်များ၊ လိပ်စာစာရင်းများအား ခရီးသွားဧည့်သည်များသို့ SMS ဖြင့်ပေးပို့ခြင်း)

(င) ပုဂ္ဂလိက ခရီးသွားလုပ်ငန်းဆောင်ရွက်သူများနှင့်ပူးပေါင်း၍ ပြည်တွင်းခရီးသွားဈေးကွက်မြှင့်တင်ရေးအတွက် Campaign များနှင့် အစီအစဉ်များ ဖန်တီးပေးခြင်း၊ (Incentive Schemes, အားလပ်ရက်အစီအစဉ်များဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးလွယ်ကူချောမွေ့စေခြင်းများ၊ ငွေပေးချေမှုများ စသည်ဖြင့်)

(စ) သဘာဝအခြေခံနှင့် ကျေးလက်ခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် ဝိုင်နှင့် အားကစားအခြေခံခရီးသွားလုပ်ငန်းအစရှိသည့် ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များနှင့်အတွေ့အကြုံသစ်များကို တစ်ဦးချင်း(သို့မဟုတ်)အုပ်စုငယ်များဖြင့် သွားလာသည့်ခရီးသွားများအားဦးတည်၍ မြှင့်တင်ဆောင်ရွက်ခြင်း၊

## အခန်း(၇)

## ခရီးသွားကိုယ်စားလှယ်လုပ်ငန်း၊ ခရီးသွားဧည့်လမ်းညွှန်များနှင့် ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်း လုပ်ကိုင်သူများ

**၁။ ခရီးသွားကိုယ်စားလှယ်လုပ်ငန်းများ/ ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်းလုပ်ကိုင်သူများ**

**(က) ကြိုတင်သိရှိအောင်ပြုလုပ်ခြင်းနှင့် ခရီးစဉ် (Travel Plan)**

(၁) ခရီးသွားကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်သူများသည် ခရီးသည်များ မလာရောက်မီ ကြိုတင်၍ ခရီးစဉ်များ (Travel Plans) ရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်။

(၂) ခရီးသည်များ ကြိုတင်မှာယူမှု(Booking) မပြုလုပ်ခင် ခရီးသည်၏ ယခင်သွားရောက်ခဲ့သည့် ခရီးသွားနောက်ခံအချက်အလက်များကို ကြိုတင်သိရှိအောင် ဆောင်ရွက်သင့်သည်။

(၃) အကယ်၍ ခရီးစဉ်သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များ၊ လိုအပ်ချက်များနှင့်ကိုက်ညီမှုမရှိပါက ခရီးစဉ်နှင့်ပတ်သက်၍ပြောင်းလဲခြင်း (သို့မဟုတ်)ပြင်ဆင်ခြင်း ပြုလုပ်ရန်အတွက် ခရီးသည်အား အသိပေးရမည်။

(၄) ခရီးစဉ်တွင်ဖော်ပြထားသည့် ဟိုတယ်များ၊ နေရာထိုင်ခင်းများနှင့် စားသောက်ဆိုင်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ထားပြီးသား ဟုတ်/မဟုတ် သေချာစေရန် စစ်ဆေးရမည်။

**(ခ) ခရီးသွားလာမှု စီမံခန့်ခွဲခြင်းအား တာဝန်ယူဆောင်ရွက်မှု**

(၁) ခရီးသွားကိုယ်စားလှယ်လုပ်ငန်းနှင့် ခရီးစဉ်ဆောင်ရွက်မှုလုပ်ငန်းလုပ်ကိုင်သူများမှ ခရီးစဉ်အတွင်း ခရီးသည်များနှင့်ဧည့်သည်များ၏ ကိုယ်အပူချိန်အား ပုံမှန်စစ်ဆေးပေးခြင်း၊ နှာချေချောင်းဆိုးခြင်း (သို့မဟုတ်) အသက်ရှူကြပ်ခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများအား သတိထား စောင့်ကြည့်ပေးခြင်းများ ပြုလုပ်ရမည်။

(၂) ဖြစ်နိုင်ပါက ခရီးသည်များနှင့်ပတ်သက်သော လေ့လာတွေ့ရှိချက်များအားလုံးကို Declaration Form တွင် မှတ်တမ်းတင်ခြင်း ပြုလုပ်ရမည်။

(၃) ခရီးသည်တွင် ကိုယ်အပူချိန် ၃၈˚C နှင့်အထက်ရှိခြင်း(သို့မဟုတ်)အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာပြသခြင်းများ ဖြစ်ပေါ်လာပါက အဖွဲ့အစည်းများမှ ချက်ချင်းဆေးကုသမှုအား ညွှန်ကြားပေးခြင်းနှင့် ၎င်းဖြစ်စဉ်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း ပြုလုပ်ရမည်။

**(ဂ) COVID-19 ရောဂါသံသယရှိလူနာ တွေ့ရှိမှုဖြစ်စဉ်အား ကိုင်တွယ်ဖြေရှင်းမှု**

ခရီးသွားများ၊ ဝန်ထမ်းများနှင့် Supplier များတွင် COVID-19 ရောဂါလက္ခဏာ ပြသသူကိုသိရှိအောင် ဖော်ထုတ်ရန်နှင့် လိုအပ်သော စီမံခန့်ခွဲမှု ပြုလုပ်နိုင်ရန် အောက်ဖော်ပြပါ အချက်အလက်များ ပါသော လုပ်ငန်းစဉ်ကို ရေးဆွဲရမည်-

(၁) ဖျားနာသူ (သို့မဟုတ်) သံသယရှိလူနာများအတွက် Quarantine Center များနှင့် Quarantine Area များနှင့် ပတ်သက်၍ အသိပညာဗဟုသုတများနှင့် ရရှိနိုင်သောအချက်အလက်များ၊

(၂) Quarantine Area နှင့် အကြိုအပို့ပြုလုပ်သည့်ဧရိယာအား သီးသန့်လမ်းကြောင်းများ သတ်မှတ်ထားရှိခြင်း၊

(၃) သတ်မှတ်ထားသည့်ဆေးရုံများသို့ သယ်ယူပို့ဆောင်မှုပြုလုပ်ပေးနိုင်ပါက စီစဉ်ပေးရခြင်း၊

**၂။ ခရီးသွားဧည့်လမ်းညွှန်များ/ ဘာသာပြန်များ**

**(က) ခရီးသွားများ၏ စိတ်ဝင်စားမှုရှိသည့်နေရာများနှင့် ခရီးစဉ်အတွင်းပါဝင်သည့် နေရာများတွင် ခရီးသွားလာမှုစီမံခန့်ခွဲခြင်းအား တာဝန်ယူဆောင်ရွက်မှု**

(၁) Safety equipment အသုံးပြုခြင်း - ဝန်ထမ်းများနှင့် ခရီးသည်များအားလုံးကို နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်စေခြင်း၊

(၂) ခရီးစဉ်အတွင်းခရီးသည်များ၏ကိုယ်အပူချိန်နှင့် နှာချေချောင်းဆိုးခြင်း(သို့မဟုတ်) အသက်ရှူကြပ်ခြင်းစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများအား ပုံမှန်စစ်ဆေးပေးခြင်း၊

(၃) ခရီးသည်များ၏ ကျန်းမာရေးဆိုင်ရာ လေ့လာတွေ့ရှိချက်များအား Declaration Form တွင် မှတ်တမ်းတင်ပေးခြင်း၊

(၄) ခရီးသည်တွင် ကိုယ်အပူချိန် ၃၈°C နှင့်အထက်ရှိခြင်း(သို့မဟုတ်)အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာပြသခြင်းများ ဖြစ်ပေါ်လာပါက အဖွဲ့အစည်းများမှ ချက်ချင်း ဆေးကုသမှုအား ညွှန်ကြားပေးခြင်းနှင့် ထိုကဲ့သို့ ဖြစ်စဉ်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(၅) ခရီးသွားများ၏ စိတ်ဝင်စားမှုရှိသည့်နေရာများနှင့် ခရီးစဉ်အတွင်းပါဝင်သည့် နေရာများတွင် ချမှတ်ထားသည့်လမ်းညွှန်ချက်များကို ခရီးသည်များ တိကျစွာ လိုက်နာမှုအား သေချာစေခြင်း၊

**(ခ) ခရီးသည်များအား သင့်လျော်ပြီး ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေး စီမံထားရှိမှုအား အကောင်အထည်ဖော်ဆောင်ရွက်မှု**

ခရီးသွားဧည့်လမ်းညွှန်များနှင့် ဘာသာပြန်များမှ ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေးရှိစေရန်အတွက် လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို အမြဲတမ်း ဖော်ပြပေးရန်အတွက်-

(၁) တန်းစီစောင့်ဆိုင်းခြင်းများအား စီမံခန့်ခွဲမှု (Queue Management) - ခရီးသွားများစုဝေးသည့် ခရီးစဉ်နေရာ (သို့မဟုတ်) ခရီးစဉ်ပြင်ပနေရာတွင် ခရီးသွားအရေအတွက်အား ကန့်သတ်ခြင်းနှင့် တန်းစီရာတွင် ကြန့်ကြာမှု မရှိစေရန် လျင်မြန်စွာ ဆောင်ရွက်ခြင်း၊ (ဥပမာ- ဧည့်ကြို၊ Information၊ Ticketing ကောင်တာများနှင့် အများသုံးသန့်စင်ခန်းစသည့် အများသုံးနေရာများတွင် ခရီးသည်များ စုပြုံမှုမရှိစေရန် စီမံဆောင်ရွက်ခြင်းနှင့် တန်းစီရာတွင် အကွာအဝေးအား အနည်းဆုံး (၁)မီတာ အကွာအဝေးရှိစေရန်အတွက် Floor Marker အသုံးပြု၍ Queue Area များအား ပိုင်းခြားသတ်မှတ်ပေးခြင်း)

(၂) ထိုင်ခုံနေရာအကွာအဝေးစီမံခန့်ခွဲမှု(Seating Management)- ခရီးသည်များ၏ ထိုင်ခုံအကွာအဝေးမှာ အနည်းဆုံး (၁)မီတာရှိပြီး ဘေးကင်းလုံခြုံမှုရှိသည့် အကွာအဝေးအား သေချာစေခြင်း၊ တစ်ဦးချင်းစီ (သို့မဟုတ်) မိသားစုဝင် အချင်းချင်း အတူတကွ ထိုင်လိုပါက ထိုင်နိုင်ပြီး အခြားသောဧည့်သည်အဖွဲ့ များနှင့် ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေးရှိစေခြင်း၊

(၃) Communication - ဘေးကင်းလုံခြုံမှုရှိသော အကွာအဝေးဖြင့် ဆက်သွယ်ပြောဆိုမှုများအား သေချာစေခြင်း၊

## အခန်း(၈)

## ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းများတွင် လိုက်နာကျင့်သုံးရမည့် ကာကွယ်ရေးနည်းလမ်းများ

### ၁။ လက်ဆေးခြင်း

(က) လက်ကိုအသုံးပြု၍ အဖွင့်အပိတ်ပြုလုပ်ရန် မလိုသော လက်ဆေးရန်နေရာများ၊ လက်သန့်စင်ဆေးရည်များကို စာသင်ခန်းများ၊ ခန်းမများနှင့် ဝင်ပေါက်၊ ထွက်ပေါက်တို့တွင် အလုံအလောက် ထားရှိရပါမည်။

(ခ) ရေနှင့်ဆပ်ပြာကို အသုံးပြု၍ စက္ကန့် (၂၀) အကြာ လက်ဆေးခြင်း (သို့) Alcohol အနည်းဆုံး ၆၀% ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် မကြာခဏ စနစ်တကျ လက်ဆေးခြင်းကို သန့်စင်ခန်းအသုံးပြုပြီးချိန်၊ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများနှင့် ညစ်ပေနေသော အရာဝတ္ထုများ (လက်အိတ်များ၊ အဝတ်အစားများ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ အသုံးပြုပြီးသော တစ်ရှူးစက္ကူများ၊ အမှိုက်များ) ကို ထိတွေ့ ကိုင်တွယ်ပြီးချိန်၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မကိုင်တွယ်မီအချိန်များတွင် ပြုလုပ်ရပါမည်။

### ၂။ နှာချေ ချောင်းဆိုးရာတွင် လိုက်နာရမည့်အချက်များ

(က) နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာရမည့်အချက်များကို လိုက်နာကျင့်သုံးစေရန် အားပေးရပါမည်။

(ခ) နှာရည်ယို၊ ချောင်းဆိုးနေသူများ ၎င်းတို့အသုံးပြုပြီးသော တစ်ရှူးများ စွန့်ပစ်ရန် အဖုံးပါသော အမှိုက်ပုံးများကို စနစ်တကျ ထားရှိပေးရမည်။

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း အသုံးပြုခြင်းနှင့် လိုအပ်သည့်အချိန်တွင် မျက်နှာအကာ(Face Shield) များ တပ်ဆင်ရပါမည်။

(ဃ) စာသင်နေစဉ် နေမကောင်းဖြစ်ခြင်းခံစားလာရပါက ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)မဖြစ်မနေတပ်ဆင်စေပြီး နီးစပ်ရာကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ ညွှန်ကြားချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

(င) ပါးစပ်နှင့်နှာခေါင်းစည်းများကို စနစ်တကျ အသုံးမပြုပါက အန္တရာယ်ရှိသောကြောင့် အသုံးပြုရာတွင် စနစ်ကျစွာ တပ်ဆင်အသုံးပြုရန်နှင့် စနစ်တကျ စွန့်ပစ်ရန် အရေးကြီးပါသည်။

## ၃။ တစ်ဦးနှင့် တစ်ဦးကြား အကွာအဝေး

(က) စာသင်ခန်းတွင် စာသင်ခုံတစ်ခုနှင့် တစ်ခုအကြား အကွာအဝေးကို သင်တန်းသား တစ်ဦးနှင့်တစ်ဦးအကြား (၆)ပေ အကွာအဝေးအနေအထားတွင် ရှိနေစေရန် စီမံထားရှိရန်နှင့်သင်တန်းသားများကို တတ်နိုင်သမျှ မျက်နှာချင်းဆိုင် မထိုင်မိစေရန် စီမံထားရှိရပါမည်။

(ခ) အဆောက်အအုံအတွင်း လူထူထပ်မှု မရှိစေရန်အတွက် လူအများ စုရုံးရောက်ရှိနိုင်သည့် အဝင်အထွက်နေရာများ၊ ဓါတ်လှေကားများ၊ လှေကားများတွင်လည်း တစ်ဦးနှင့် တစ်ဦးအနည်းဆုံး (၆) ပေကွာနေစေရန် သတိပြုရမည်ဖြစ်ပြီး ဝင်ပေါက်၊ ထွက်ပေါက်များတွင် လူစုလူဝေးများကိုရှောင်ရှားနိုင်ရန် အတန်းတက်/ အတန်းဆင်းချိန်များကို ဖြစ်နိုင်ပါက ခွဲ၍ သတ်မှတ်ပေးရပါမည်။

(ဂ) ထမင်းစားသောက်ရာတွင် စုရုံးစားသောက်ခြင်းမပြုရန် နေရာများစီစဉ်ပေးပြီး စားသောက်စေရပါမည်။

## ၄။ သန့်ရှင်းရေးပုံမှန်ပြုလုပ်ခြင်းနှင့် ပိုးသတ်သန့်စင်ခြင်း

(က) သင်တန်းကျောင်းအဆောက်အအုံနှင့် စာသင်ခန်းများတွင် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (တံခါး/ ပြတင်းပေါက်လက်ကိုင်များ၊ မီးခလုတ်များ၊ အိမ်သာများနှင့် ရေဆွဲခလုတ်များ၊ ကွန်ပျူတာကီးဘုတ်များနှင့် သင်ထောက်ကူပစ္စည်းများ)ကို ဦးစားပေးအနေဖြင့် မကြာခဏ ပိုးသန့်စင်ရမည်ဖြစ်ပြီး ကြမ်းပြင်များကိုလည်း တစ်နေ့တစ်ကြိမ်ပိုးသတ်သန့်စင်ရပါမည်။ ပိုးသတ်သန့်စင်ရာတွင် ကလိုရင်းကို အခြေခံ၍ ထုတ်လုပ်ထားသော ပိုးသတ်သန့်စင်ဆေးရည်(0.1% Sodium Hypochlorite Solution (သို့မဟုတ်) 0.1% Calcium Hypochlorite Solution) နှင့် 70% Ethyl Alcohol တို့ကို အသုံးပြုနိုင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ(www.mohs.gov.mm) (သို့မဟုတ်) လူမှုကွန်ရက်စာမျက်နှာ(www.facebook.com/MinistryOfHealthAndSportsMyanmar) တွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်အတိုင်း ပိုးသတ်သန့်စင်ရပါမည်။

(ခ) လက်ကိုအသုံးပြု၍ အဖွင့်အပိတ်ပြုရန်မလိုသောအမှိုက်ပုံးများ (ခြေနင်းအမှိုက်ပုံးများ) ကို အသုံးပြု၍ အမှိုက်များကို နေ့စဉ်စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရပါမည်။

(ဂ) အိမ်သာအသုံးပြုရန်အတွက် လူအများအပြား စောင့်ဆိုင်းရခြင်းမရှိစေရန် အိမ်သာထဲတွင် အမှိုက်ပုံးများကို အလုံအလောက်ထားရှိပေးရန်နှင့် မကြာခဏ အမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျ စွန့်ပစ်ခြင်း၊ ရေးဆိုးစွန့်ထုတ်ခြင်းစနစ်နှင့် မိလ္လာစနစ်တွင် ယိုစိမ့်မှုများ မရှိစေရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးရပါမည်။

(ဃ) အဆောက်အအုံနှင့် စာသင်ခန်းများတွင် ရာသီဥတုအခြေအနေအပေါ် မူတည်၍ ပြတင်းပေါက်များ ဖွင့်လှစ်အသုံးပြုခြင်းအားဖြင့် လေဝင်လေထွက်ကောင်းအောင် စီမံဆောင်ရွက်ထားရပါမည်။

(င) အဆောက်အအုံအတွင်းရှိ နေရာများတွင်လည်းကောင်း၊ အဆောက်အအုံပြင်ပရှိ နေရာများတွင်လည်းကောင်း ပိုးသတ်ဆေးအသုံးပြု၍ ဆေးမှုတ်ခြင်း၊ ဆေးဖြန်းခြင်းများ၊ အခန်းငယ်နှင့် အလုံခန်းများ အသုံးပြု၍ လူအများကို ပိုးသတ်သန့်စင်ဆေးရည်ဖြင့် ပိုးသတ်သန့်စင်ခြင်းများသည် မှန်ကန်သောပိုးသတ်သန့်စင်ခြင်းနည်းလမ်းဖြစ်ကြောင်း သိပ္ပံနည်းကျ သက်သေအထောက်အထားများ မတွေ့ရှိရသေးသည့်အပြင် မျက်လုံး၊ အသက်ရှူလမ်းကြောင်းနှင့်အရေပြားတို့ကို ထိခိုက်စေနိုင်သောကြောင့် မပြုလုပ်သင့်ပါ။

## ၅။ ဘေးအန္တရာယ်ဖြစ်နိုင်ချေနှင့် စပ်လျဉ်း၍ ပညာပေးခြင်း

COVID-19 ရောဂါနှင့်ပတ်သက်သည့် ဗဟုသုတတိုးပွားစေရန် နံရံကပ်စာစောင်များ၊ ဗွီဒီယိုများ၊ အီလက်ထရေးနစ်သတင်းစကားများ အသုံးပြု၍ ပညာပေးခြင်း ပြုလုပ်ရပါမည်။ ထိုသို့ပြုလုပ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့များ မှ တရားဝင်ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကိုသာ အသုံးပြုခြင်းဖြင့် ကောလဟလသတင်းအမှားများကို ဖယ်ရှားနိုင် မည်ဖြစ်ပါသည်။

## ၆။ COVID-19 သံသယရှိသော သင်တန်းသားများအား စီမံခြင်း

(က) သင်တန်းသားတစ်ဦးသည် အောက်ပါအချက်များအနက် တစ်ခုခုနှင့် ကိုက်ညီနေပါက သင်တန်းကျောင်းသို့ မလာရောက်စေဘဲ မိမိအိမ်တွင်သာ သီးသန့်နေစေရန်နှင့် ကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်-

(၁) ဖျားခြင်း (အပူချိန် ၃၈°C/ ၁၀၀.၄ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် သံသယဖြစ်ဖွယ် လက္ခဏာများ ခံစားနေရခြင်း၊

(၂) COVID-19 ဓါတ်ခွဲအတည်ပြုလူနာနှင့် လွန်ခဲ့သော (၁၄) ရက်အတွင်း ထိတွေ့မှုရှိခဲ့ခြင်း၊

(၃) COVID-19 ရောဂါစောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရသူ၊ အသွားအလာကန့်သတ်ခြင်းခံရသူတို့နှင့် တစ်အိမ်တည်းတွင် အတူတကွနေထိုင်ခြင်း၊

(ခ) သင်တန်းသားတစ်ဦးသည် စာသင်ချိန်အတွင်း COVID-19 ရောဂါသံသယဖြင့် နေမကောင်းဖြစ်ပါက ထိုသူအား သီးသန့်ထားရှိ၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရပါမည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လိုအပ်သော

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် ရောဂါပိုးတွေ့ရှိပါက ဆောင်ရွက်သင့်သည်များကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

## အခန်း(၉)

## အစည်းအဝေးများနှင့် ဖျော်ဖြေရေးအခမ်းအနားများ ကျင်းပရာတွင် လိုက်နာရမည့် ညွှန်ကြားချက်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် လိုက်နာရမည့်ညွှန်ကြားချက်များ

### စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အချက်များ

၁။ ဝန်ထမ်းများနှင့် လာရောက်သောဧည့်သည်များအား ကိုယ်အပူချိန်တိုင်းစက်ဖြင့် တိုင်းတာရမည်။ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ရှိပါက အဆောက်အဦအတွင်းသို့ ဝင်ရောက်ခွင့်မပြုဘဲ သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားရန်။

၂။ ဝန်ထမ်းများ၏ ခရီးသွားမှတ်တမ်းများကို မှတ်တမ်းတင်ထားရန်။

၃။ ဝင်ပေါက်များတွင် လက်ဆေးဇလုံ(besin) ၊ ရေ၊ ဆပ်ပြာ (သို့မဟုတ်) Hand Gel များ ထားရှိပေးရန်။

၄။ ဧည့်သည်အရေအတွက်ကို ကန့်သတ်ထားပြီး၊ တစ်ဦးနှင့်တစ်ဦးကြား အနည်းဆုံး ၆ ပေ အကွာအဝေး သတ်မှတ်ပေးရန်။

၅။ အခန်းတွင်း လေဝင်လေထွက် ကောင်းမွန်စေရေး စီစဉ်ထားရှိပေးရန်။

၆။ ရောဂါကူးစက်မှုကိုလျှော့ချရန် လူတစ်ဦးနှင့်တစ်ဦးတိုက်ရိုက် ထိတွေ့မှုများမှရှောင်ရှားစေသည့် နည်းလမ်းများအား ဆောင်ရွက်ရန်။

၇။ ဧည့်သည်များ၏ အချက်အလက်များကို မှတ်တမ်းထားရှိရန်။

### ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများလိုက်နာရန်အချက်များ

၁။ ဝန်ထမ်းများသည် တကိုယ်ရည်သန့်ရှင်းရေးကိုဂရုစိုက်ရမည်။ ဝန်ဆောင်မှုပေးနေစဉ် အချိန်တွင် နှာခေါင်းစည်းတပ်ခြင်း(mask)၊ မျက်နှာအကာအကွယ်(FaceShield)တို့ကို တပ်ဆင်ထားရမည်။

၂။ လက်ကို ရေနှင့်ဆပ်ပြာ (သို့မဟုတ်) လက်သန့်ဆေးရည်ဖြင့် မကြာခဏ ဆေးပေးရမည်။

၃။ ကိုယ်အပူချိန်ကို ၃ နာရီခြားတစ်ခါ တိုင်းတာရမည်။ COVID–19 လက္ခဏာများဖြစ်သော ဖျားခြင်း၊ချောင်းဆိုးခြင်းနှင့်အခြားသောသံသယလက္ခဏာများဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ဆောင်ရွက်ရမည်။

၄။ ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်(သို့မဟုတ်) ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်နှင့်အောက်ရှိပြီး နှာခေါင်းစည်းတပ်ဆင်ထားသော ဧည့်သည်များကိုသာ ဝန်ဆောင်မှုပေးရမည်။

၅။ တံခါးလက်ကိုင်များ၊ သန့်စင်ခန်းများ၊ ဧည့်ကြိုကောင်တာများ၊ မီးခလုတ်များနှင့် ဓာတ်လှေခါး ခလုတ်များကို မကြာခဏ ပိုးသတ်ပေးရမည်။

၆။ အခမ်းအနား ပြီးဆုံးချိန်တွင် ခန်းမအား ပိုးသတ်ရမည်။

**ဧည့်သည်များလိုက်နာရန်အချက်များ**

၁။ နှာခေါင်းစည်းတပ်ခြင်းနှင့် ကိုယ်အပူချိန် တိုင်းတာခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးရန်။

၂။ တစ်ဦးနှင့်တစ်ဦး ၃ ပေအကွာတွင်နေပေးရန်။

၃။ လက်ကို ရေနှင့်ဆပ်ပြာ (သို့မဟုတ်) လက်သန့်ဆေးရည် (Hand Gel) ဖြင့် ဆေးပေးရန်။

**အမှတ်တရပစ္စည်းအရောင်းဆိုင်များ လိုက်နာရမည့်ညွှန်ကြားချက်များ**

၁။ ဈေးဝယ်ရန် လာရောက်သော ဧည့်သည်များအား နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကိုဆောင်ရွက်ရန်။ကိုယ်အပူချိန် ၃၈˚C (သို့မဟုတ်) ၁၀၀.၄˚F နှင့်အထက် ကျော်လွန်နေပါက ဆိုင်အတွင်းသို့ ဝင်ရောက်ခွင့်မပြုစေရန်။

၂။ ဆိုင်အဝင်ဝတွင် လက်ဆေးဇလုံ၊ ရေနှင့်ဆပ်ပြာ(သို့မဟုတ်)လက်သန့်ဆေးရည် ထားရှိပေးရန်။

၃။ ထိတွေ့မှုများသော ပစ္စည်းများကို မကြာခဏ ပိုးသတ်ပေးရန်။

၄။ ဧည့်သည်များ တစ်ဦးနှင့်တစ်ဦး ၃ ပေ အကွာအဝေးတွင် ရှိစေရန် မျဉ်းကွက်များ ရေးဆွဲ၍ နေရာသတ်မှတ်ပေးရန်။

၅။ ဆိုင်အတွင်း လေဝင်လေထွက် ကောင်းမွန်စေရေး စီစဉ်ထားရှိရန်။

၆။ အမှိုက်များ၊အသုံးပြုပြီးသော တစ်ရှူးများ၊ နှာခေါင်းစည်းများအား စနစ်တကျ စွန့်ပစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်။

၇။ ငွေပေးချေမှုကို လက်ခံရာတွင် ပိုက်ဆံနှင့် တိုက်ရိုက်ထိတွေ့မှု မရှိစေရန် လက်အိတ်ဝတ်ဆင်ခြင်း (သို့မဟုတ်) ငွေလက်ခံရန် ဗန်းကို အသုံးပြု၍ မကြာခဏ ပိုးသတ်ပေးရန်။

၈။ ဈေးဝယ်သူများကို ဆိုင်အတွင်း ၁ နာရီထက်ပို၍ မနေစေရန် ကျန်းမာရေးအသိပေးခြင်းများ ဆောင်ရွက်ရန်။

## အခန်း(၁၀)

## Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်

ဘာသာရေးဆိုင်ရာအခမ်းအနားများ ကျင်းပပြုလုပ်ရာ၌ လိုက်နာဆောင်ရွက်ရန်အတွက် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီမှ ၁၄–၇–၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁၃၃၄/၂၆၄/COVID–19/ကော်မတီ(၂၀၂၀)ဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် လမ်းညွှန်ထားပါသည်–

(၁) အခမ်းအနားဆောင်ရွက်မည့် အသေးစိတ်အစီအမံအား ကျင်းပပြုလုပ်မည့်ရက်မတိုင်မီ ရက်သတ္တပတ်(၃)ပတ် ကြိုတင်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပေးပို့သွားရန်

(၂) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ Coronavirus Diseases 2019(COVID–19) ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူသွားရန်

(၃) အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ Coronavirus Diseases 2019(COVID–19) ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီမှ သဘောထားတောင်းခံလာပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုရန် သင့်/ မသင့် ပြန်လည်တင်ပြသွားရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အခမ်းအနားအား ခွင့်ပြုသင့်သည်ဟု ယူဆပါက လူ(၃၀)ဦးထက်မပိုစေဘဲ ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်သွားရန်

## အခန်း(၁၁)

## ပြည်ပခရီးသည်များ ပြန်လည်ထွက်ခွာခြင်း

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးနှင့်ခရီးသည်များဘေးကင်းလုံခြုံအဆင်ပြေစွာ အပန်းဖြေအနားယူနိုင်ရေး၊ အဆင်ပြေစွာ ပြန်လည်ထွက်ခွာနိုင်ရေးတို့အတွက် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(၁) ခရီးသည်များအားလုံးသည် အပြည်ပြည်ဆိုင်ရာလေဆိပ်(၃)ခု၊ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်တို့မှ ပြန်လည်ထွက်ခွာရာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်လမ်းညွှန်ချက်များအတိုင်း ကျန်းမာရေးစစ်ဆေးခြင်း၊ သတ်မှတ်ချက် များနှင့်ကိုက်ညီမှသာ ပြန်လည်ထွက်ခွာခြင်းတို့အား ဆောင်ရွက်သွားရန်၊

(၂) နိုင်ငံတော်မှ ချမှတ်ထားသည့် COVID-19 ဆိုင်ရာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ခရီးသည်များအားလုံး၏ ထွက်ခွာသွားသည့် ဖြစ်စဉ်တစ်ခုလုံး၏ အဆင့်တိုင်း တွင် ကြိုတင်ကာကွယ်မှုများ ထားရှိဆောင်ရွက်သွားရန်၊

(၃) ခရီးသည်များအားလုံးသည် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် များရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များအား သေချာစွာ လိုက်နာဆောင်ရွက်ပြီးမှ ထွက်ခွာသွားကြရန်၊

## ရည်ညွှန်းကိုးကားချက်များ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း အများပြည်သူသုံး ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် အဝေးပြေးကားဂိတ်များတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ (Version 1.0)

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ(Version 1.0)

၃။ (၃-၆-၂၀၂၀) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကွာရန်တင်းစင်တာ မဟုတ်သည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက် (Version 1.0)

၄။ Coronavirus Diseases 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၁၄-၇-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁၃၃၄/၂၆၄/COVID-19/ကော်မတီ(၂၀၂၀)

၅။ UNWTO ၏ (၂၈-၅-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Global Guidelines To Restart Tourism (Source : http://www.unwto.org/news/unwto-launches-global-guidelines-to-restart-tourism)

၆။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များ၊ ပြည်တွင်းလေကြောင်းခရီးစဉ်များနှင့် လေဆိပ်များတွင် လိုက်နာရန်အချက်များ

၇။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၅-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂ / ၄-၂၈ / ယဉ်ကျေးမှု(၃၂၄၄) အရ အကြံပြုချက်များ

၈။ (၁၉-၄-၂၀၂၀) ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာနမှ ထုတ်ပြန်ခဲ့သော Coronavirus Dieases 2019(COVID-19) နှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများလိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ကြေညာချက်များ

၉။ (၂၀-၄-၂၀၂၀)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော ဟိုတယ်/ တည်းခိုခန်း(Hotel/ Guest House) Quarantine Centre များ ပြင်ဆင်ခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ (Version 2.0)

၁၀။ မန္တလေးတိုင်းဒေသကြီးမှ ပေးပို့သည့် Corona Virus Dieases 2019(COVID-19)ကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ဟိုတယ်လုပ်ငန်းများတွင် ဆောင်ရွက်ထားရမည့်အချက်များ

၁၁။ (၁၅-၅-၂၀၂၀)ရက်နေ့တွင် ရှမ်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ ထုတ်ပြန်ခဲ့သော COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ဟိုတယ်/တည်းခိုရိပ်သာများတွင် လိုက်နာရန်အချက်များ

၁၂။ ထိုင်းနိုင်ငံမှ ထုတ်ဝေထားသည့် Amazing Thailand Safety and Health Administration (SHA) ၏ Sanitation and safety Standards

၁၃။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော (၇-၁၂-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပဆ-၂/မလ(COVID-19)(၁၂/၆၂) အရ ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲသည့်အခါ လေကြောင်းလိုင်းဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများနှင့် ခရီးသည်များ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာစံသတ်မှတ်ချက်များ (Standard Operating Procedure -SOP)